# ၇၈ချပ် တားရော့ကဒ်

## မေဂျာနှင့် မိုင်နာတားရော့ကဒ်များ အဓိပ္ပါယ်

ဝသုန်ဦး Mr. Tarot ရေးသားသည်။

❖ တားရော့သည် ဗေဒင်မဟုတ်ရှေ့ဖြစ်ဟောမဟုတ်ပါ။

ဖြစ်လာနိုင်သည်များနှင့် သင်မသတိမပြုမိသော အရာများ

ရှု့ထောင့်များအတွေးအခေါ်များကို ပြသပေးတဲ့ကဒ်တွေပါ။

❖ တားရော့သည် ဆိုးကျိုးမဖြစ်ပါ မခိုက်ပါ။

အယူအဆမှား ဖြစ်ပါသည်။

ဒီ PDF ကို Mr. Tarot ရေးသားပါတယ်။

တားရော့နှင့် ပတ်သက်၍ ပိုမိုလေ့လာလိုပါက

www.tarotmyanmar.blogspot.com တွင် လေ့လာပါ။

Copyright @ Mr. Tarot

- အဖုံး
- မိတ်ဆက်
- အမှာ
- ဟောနည်း
- ဟောပုံ
- နောက်ဆက်တွဲ


**Major ကဒ်များအလွယ်တကူရှာနိုင်ရန် Hyperlink များ**


- 0 Fool
- I Magician
- II High Priestess
- III Empress
- IV Emperor
- V Hierophant
- VI Lovers
- VII Chariot
- VIII Strength
- IX Hermit
- X Wheel of Fortune
- XI Justice
- XII Hanged Man
- XIII Death
- XIV Temperance
- XV Devil
- XVI Tower
- XVII Star
- XVIII Moon
- XIX Sun
- XX Judgement
- XXI World


**အလွယ်တကူရှာရန်**


- Wands
- Cups
- Swords
- Pentacles


Copyright @ Mr. Tarot




## မိတ်ဆက်

ကောင်းခြင်းမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပါစေသား...

တားရော့ဆိုတာ ဗေဒင်မဟုတ်၊ သင့်အတွက်လက်နက်တစ်ခုပါပဲ။

သင့်ရည်မှန်းချက်တွေ ပြည့်ဝစေရန် သင့်ကိုသင်မမြင်တဲ့
ရှု.ထောင့်တွေကို သတိပေးတာထက်ပိုပါဘူး။

သင့်ဆန္ဒတွေပြည့်ဝဖို့ သင်ကိုယ်တိုင်လုပ်ယူရမှာပါ။

တားရော့က ချောမွေ့လွယ်ကူအောင်လမ်းပြပါလိမ့်မယ်။

တားရော့ဟောနည်းရယ်လို့ ဘယ်တော့မှမရှိပါဘူး..
ရှိလာမှာလည်းမဟုတ်ပါဘူး။

ဒီတော့ တားရော့မှာ ပုံသေနည်းမရှိပါ။

တားရော့ဟောသူတိုင်းမှာ ကိုယ်ပိုင်ဟန်
ကိုယ်ပိုင်အဓိပ္ပါယ်ယူဆချက် ကိုယ်စီရှိပါတယ်။

ကဒ်တစ်ခုကိုပဲ ဟောသူရဲ့ အတွေ.အကြုံနဲ့လိုက်ပြီး အနည်းငယ်စီ
ကွဲပြားပါတယ်။ ဆန့်ကျင်ဘက်ဖြစ်နေတာတောင်ရှိတတ်ပါတယ်။

ဒီစာအုပ် PDF လေးဟာ တားရော့ကို စတင်လေ့လာသူ (သို့)
တားရော့မွေးထားသူအတွက် အကျိုးရှိမှာပါ။

အပျော်မေးချင်သူ အပျော်ဟောသူများအတွက်ပါ
အလွန်မှန်ကန်နေတာကို အံ့ဩဖွယ်တွေ.ရပါလိမ့်မယ်။
ဘာလို့မှန်တာလဲဆိုတော့ တားရော့မို့လို့ပါပဲ။

ကဒ်မရှိရင် Android ဖုန်းနဲ့ သုံးတဲ့အခမဲ့ ဆော့ဝဲရှိပါတယ်။
www.tarotmyanmar.blogspot.com ဝက်ဆိုက်မှာ
ဘယ်လိုလုပ်ရမလဲ ရှာလိုက်ပါ။

ဝသုန်ဦး Mr. Tarot

Copyright @ Mr. Tarot

## ဟောခြင်းအဆင့်ဆင့်

၁။ နေရာထိုင်ခင်းပြင်ဆင်ပါ။ ပိတ်စကို ဖြန့်ခင်းပါ။

၂။ စိတ်ကို ငြိမ်သက်စွာထားပါ။ မငြိမ်သေးပါက အသက်ကိုဖြည်းဖြည်းမှန်မှန်ရှူပြီး ငြိမ်အောင်အရင်လုပ်ပါ။

၃။ မေးခွန်း စာရွက် (သို့) မေးမည့်သူ (သို့) မေးသောသူ၏မေးခွန်း ကို စိတ်အာရုံညွတ်ပါ။

၄။ တားရော့ကို နှိုးပါ။ နည်းအမျိုးမျိုးသုံးနိုင်ပါသည်။

တားရော့ကို ............*(ကြိုက်ရာစာသား)*......................... ကူညီပေးပါ / ထပါလော့/ လမ်းညွှန်ပေးပါ စသည်ဖြင့်နှိုးပါ။

၅။ ကဒ်များကို ထုတ်ပါ။ ဖဲလိုမရောရပါ။ အလယ်/အောက်မှကဒ်များကို အပေါ်သို့တင်ကာ ရောပါ။ ဟောမည့်သူမှအရင်ရောပါ။ ထို့နောက် ရောလိုက မေးသူလည်းရောနိုင်သည်။

၆။ ကဒ်များအားလုံးကို မှောက်ရက် ဖြန့်လိုက်ပါ။ ဟောရန်ကဒ် (သို့) ကဒ်များ ကို မေးသူမှ ရွေးချယ်ပါ။ ရွေးပြီးမှ စိတ်ဘဝင်မကျပါက စိတ်ကြိုက်လဲနိုင်ပါသည်။ အသစ်လည်း ရွေးနိုင်ပါသည်။

spread ပုံစံဆိုပါကလည်း နေရာလဲနိုင်ပါသည်။

၇။ သေချာပြီ စိတ်တိုင်းကျပြီဟုဆိုသောအခါ တစ်ချပ်ခြင်းလှန်ပါ။ ဟောသောအခါ မေးသူ၏ တားရော့အတွေ့အကြုံသည် လုံးဝ မသက်ဆိုင်ပါ။ ဟောသူ၏ အဟောနှင့် အတွေ့အကြုံကိုသာ အတည်ယူရမည်။

Copyright @ Mr. Tarot

**ဟောပုံ -**

ကဒ်တစ်ကဒ်ကို ကြည့်လိုက်ပြီဆိုရင်...
၁။ ကိုယ့်စိတ်မှာ ကဒ်ရဲ့ အဓိပ္ပါယ်နဲ့ သဘောတရားကို ဘယ်လိုမြင်လဲ တွေးပါ။

၂။ ကိုယ့်မေးခွန်း ဒါမှမဟုတ် ကိုယ့်အဖြစ်အပျက်နဲ့ ဘယ်လိုဆက်စပ်နေပါသလဲကြည့်ပါ။

၃။ ကဒ်အဓိပ္ပါယ်များ ဒီPDFမှာရေးထားတာတွေရှိပါတယ်။ အဲ့ဒါတွေနဲ့ကိုက်ကြည့်ပါ။

၄။ ကိုယ်ဖတ်သက်ရင့်လာတာနဲ့အမျှ ကြုံခဲ့ရတဲ့ အတွေ့အကြုံကိုထည့်သုံးတတ်လာလိမ့်မယ်။

၅။ ကဒ်ရဲ့ ပုံထဲက အရာတစ်ခုခု နဲ့ အပြင်မှာ ရှိတာတစ်ခုခုနဲ့ ဆက်စပ်နေတယ်လို့ ခံစားမိလား။

၆။ စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်စွာ အကောင်းအဆိုးနစ်ဖက်လုံးမနင်းဘဲ ပုံမှန်တည့်တည့်ကနေ ခံစားချက်ပြင်းပြင်း မပါဘဲ စိတ်ထဲထင်သည့်အတိုင်းဖတ်ပါ။

၇။ ဘယ်တော့မှ မကောင်းသည်ကို အတင်းလုပ်ယူကာ အကောင်းမဟောပါနှင့်။

၈။ တခါတရံတွင် တားရော့သည် ဒွိဒိုးအဖြေပေးသော်လည်း တခါတရံ ဘယ်လိုဆိုအောင်မြင်မည် သို့မဟုတ် ဘယ်သူကကူညီမည် ဆိုသည့်သဘောများပြတတ်ပါသည်။

အကယ်၍ ဟောကြားချက်တစ်ခု အတော်ပင်မှားယွင်းခဲ့သော် သိထားသင့်သည်မှာ...

၁။ ကဒ်ကိုအဓိပ္ပါယ်ကောက်လွဲတာလား
၂။ မေးခွန်းကဘယ်လိုမေးထားတာလဲ။
မေးခွန်းကိုသင်အကောက်လွဲနေတာလား။
၃။ ကံသည်အပြောင်းအလဲ ရှိတတ်သည်။
အချိန်ကာလဟနေသည့်ကြားတွင် အကြီးအမားပြောင်းလဲရန် ကိစ္စများလုပ်လျှင်ဖြစ်တတ်ပါသည်။

အဆင်ပြေပါစေ...

သင်နဲ့ သင့်ဘေးကလူတွေကို တားရော့က ကူညီနိုင်ရင် ဒီစာအုပ်ကို အချိန်ပေးရေးရကျိုးနပ်ပါတယ်။

Copyright @ Mr Tarot




THE FOOL

- အခွင့်အလမ်းပေါ်ပေါက်သည်
- သုည၊ ဗလာ အဆင့်
- ပွင့်လင်းစွာဖြင့် အရာရာကို လက်ခံနိုင်အောင် လွတ်လပ်စွာ စိတ်ကိုထားပါ၊ မျှော်လင့်မထားသော အခွင့်အလမ်းများစွာ နှင့် အံ့အားသင့်စရာများကို လက်ခံနိုင်ဖို့ပြင်ထားပါ။
- အရူး၊ ရူးသွပ်ခြင်း
- စိတ်လှုပ်ရှားဖွယ် ခရီးစတင်သည်
- ခရီးထွက်သည် / လမ်းသစ်
- စပြီးကိစ္စအတွက်ဆိုလျှင်တော့ မအောင်မြင်ပါ မေ့လိုက်ပါ
- ချောက်ထဲကျတော့မည်
- စိတ်ရောဂါ
- ရဲရင့်တက်ကြွသော
- အစပျိုးသည်
- စွန့်စားသည်
- ဘာမှမသိဘဲခြေစုံပစ် ဝင်ရောက်သည်
- အလိုအလျောက် လှုံ့ဆော်မှု စေ့ဆော်မှု
- အားအင်ပြည့်ဝစွာ စွန့်စားရန်အသင့်ဖြစ်သည်

ght @ Mr. Tarot




THE MAGICIAN

- စွမ်းအား စွမ်းပကား ပါဝါ
- လုပ်ဆောင်အောင်မြင်သည်၊ ပြုလုပ်သည်
- ယောကျ်ားသား၊ ယောကျ်ားဆန်ခြင်း
- ရဲရင့်ခြင်းအားရှိခြင်း
- အမှောင်ခွင်းအလင်းဆောင်
- နိုးကြားသိမြင်ခြင်း
- သဘာဝလွန်ဆန်းကြယ်အတတ်ပညာ
- မျက်လှည့်၊ မှော်
- မျက်လှည့်ဆရာ လူလိမ်
- အာရုံစိုက်မှု စူးစိုက်မှု
- အချက်အချာ
- အသေအချာ ချက်ကျလက်ကျ လုပ်သည်
- ရည်ရွက်ချက်ပါပါဖြင့် လုပ်သည်
- လိုအပ်သော ပစ္စည်းစုံလင်စွာ ရရှိနေသည် လုပ်ရန်အသင့်
- အရံသင့်အခြေအနေရောက်နေသည် စတင်လှုပ်ရှားပါ။

ght @ Mr. Tarot




THE HIGH PRIESTESS

- မမြင်နိုင်သော နောက်ကွယ်
- မသိစိတ် (သို့) သတိမထားမိသော စိတ်၏စွမ်းအား
- လျှို့ဝှက်မှု နက်ရှိုင်းမှု
- တွေးခေါ်မျှော်မြင်၊ ဉာဏ်ပညာ
- မိန်းမ၊ မိန်းမသားဆန်မှု
- အမှောင်လောက၊ အမှောင်
- သဘာဝ၏ စက်ဝန်းသံသရာပုံရိပ်
- အရည်အချင်းကြောင့် လက်ခံရရှိခြင်း (ဥပမာ- ဘွဲ့၊ ဂုဏ်ပြုလွှာ၊ ဒီပလိုမာ)
- အတွင်းစိတ်/မသိစိတ်၏ တွေးခေါ်မှုကိုယုံပါ
- အဖြေကို မိမိကိုယ်တွင်းမှာရှိသည်။ သိရန် တစ်ကိုယ်တည်းရှာပါ
- တိတ်ဆိတ်ညိမ်သက် အထီးကျန်စွာ အဖြေရှာဖွေခြင်း
- တရားထိုင်ခြင်းဖြင့် မိမိလိုအပ်သော အနေအထား စည်းချက်ကျနမှုကို ရှာဖွေခြင်း၊ တိုးတက်မှုရယူခြင်း
- နေအိမ်ပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်း




THE EMPRESS

- မိခင်၊ ကလေးရရှိခြင်း
- ပေါကြွယ်မှု ပေါများမှု ခံစားခြင်း
- ရာထူးဂုဏ်ရှိန်ကြီးသော အမျိုးသမီး
- ဖန်တီးခြင်း ပြုလုပ်လိုက်ခြင်း
- ပြုစုပျိုးထောင်ခြင်း
- ကာမဂုဏ်/အာရုံများကို အရသာခံကျေနပ်ခြင်း
- ဖန်တီးရန်အချိန် ကာလကောင်းဖြစ်သည်
- အရာရာပြည့်စုံနေလို့ သက်တောင့်သက်သာဖြစ်သည်
- ဉယျာဉ်စိုက်ပျိုးသည်
- ပန်းရန့်ရှိုက်မွှေးသည်
- ပြုစုပျိုးထောင်ရန် ဖန်တီးရန် အင်အားပြည့်သည်
- ဖန်တီးနိုင်စွမ်းကို ဂုဏ်ပြုချိန်
- အမေတစ်ယောက်၏ ကြင်နာယုယခြင်း
- ကမ္ဘာမြေသဘာဝကို လှပအောင် ခြယ်သခြင်း
- ရုပ်ရည် ရူပကာ လှပမှု
- ကိုယ်ကာယလှပခြင်း
- အိမ်အပြင်ထွက်ခြင်း




THE EMPEROR

- ဦးဆောင်ခြင်း၊ ခေါင်းဆောင်မှု၊ ဘုရင်
- ဖခင်
- အမိန့်၊ အာဏာ
- စည်းမျည်းစည်းကမ်း၊ ဥပဒေ
- ဖွဲ့စည်းပုံ၊ စိုင်မာစွာဖွဲ့စည်းမှု၊ ဖွဲ့စည်းတည်ဆောက်ပုံ
- အာဏာရှိသူ
- အခက်အခဲကြမ်း၊ စိတ်ဖိစီးမှုကို ခံနိုင်ရည်ရှိသည်
- ကိစ္စများ တရားဥပဒေကြောင်းအရ ဖြစ်သွားမည်။
- ဥပဒေကိုလိုက်နာပါ၊ ဘောင်ထဲမှလုပ်ပါ။
- နောက်လိုက်များအတွက် ဦးဆောင်ရမည့်အချိန်ဖြစ်သည်
- ကိုယ်ကဦးဆောင် ဆုံးဖြတ်ရမည်
- ရာထူးအမြင့်ရောက်မည်၊ ဦးဆောင်နေရာရမည်။
- အဖေ။
- အစိုးရ၏ မစမှု ခံရတတ်သည်
- မိဘ အကြီးအကဲ နှင့် အဆင်မပြေဖြစ်သည်

ght @ Mr.Tarot




THE HIEROPHANT

- သင်ကြားခြင်း၊ သင်ပြရန် အခွင့်အရေး ၊ သင်ယူမှု
- အလှူအတန်း၊ ဘုရားဖူး၊ ရိပ်သာစသည့်ဓမ္မကိစ္စအောင်မြင်
- ဘုန်းတော်ကြီး သို့ ဘုန်းကြီးပုံတော် ကြွသည်
- ယုံကြည်သက်ဝင်မှု၊ ရိုးရာအရယုံသည်
- ကတုံး/ကတုံးဆံပင်ပေါက်များထံမှ သတင်းကောင်းကြားရ
- ထိမ်းမြားလက်ထပ်ခြင်း
- လူ့အဖွဲ့အစည်း၊ အသင်းအဖွဲ့အစည်း
- အဖွဲ့အစည်းထဲ ဝင်ရောက်သည်
- ယုံကြည်မှုများကို လေ့လာဆန်းစစ်သင့်ပြီ
- နူးညံ့စွာလမ်းပြသသည် / သို့ /
  ကြမ်းတမ်းစွာပင် ညွှန်ကြားပြသည်
- ဆရာ၊ ဆရာသစ်ရှာခြင်း
- အထက်သို့တက်ရန်/တိုးတက်မှုရရန်
  ဘာလုပ်သင့်သည်ကို သက်ဝင်ယုံကြည်မှုဖြင့် ဆုံးဖြတ်ပါ။
- ပညာရေး၊ တိုးတက်ရန် ပညာသင်
- လူ့ဘောင်စည်းကမ်း၊ လူ့ကျင့်ဝတ်

Copyright @ Mr. Tarot




THE LOVERS

- ပေါင်းစပ်မှု ပေါင်းစည်းခြင်း
- ရွေးချယ်ခြင်း
- အကျိုးတူပူးပေါင်းခြင်း စပ်တူလုပ်ခြင်း
- ပူးပေါင်းရန်မိတ်ဖွဲ့ခြင်း၊ ပါတနာဖွဲ့ခြင်း
- ခုံမင်ချစ်သက်ဝင်ခြင်း
- ကာမကိစ္စ
- အူလှိုက်သည်းလှိုက်ပျော်ရွှင်မှု
- သဘာဝကျကျချင့်ချိန်မှု နှင့် ကိုယ့်စိတ်သဘောအလို (နှလုံးသားနှင့် ဦးနှောက်) နှစ်ခုကို ချိန်ညှိရန်လိုသည်။
- အချစ်ကိစ္စအတွက်ဆိုလျှင် လမ်းမှန်ပေါ်ရောက်နေသည်။
- လမ်းနှစ်ခုမှ တစ်ခုကို ရွေး၊ တစ်ခုကို စတေးရတော့မည်။
- ကိုယ်ရွေးချယ်သည့်ကိစ္စအတွက် တာဝန်ယူရမည်။
- သူငယ်ချင်းအချစ်၊ ၁၅၀၀အချစ်၊
  စိတ်နှစ်ပြီးအနစ်နာခံမြုပ်နှံခြင်း၊ ကိုယ့်ကိုကိုယ်ချစ်ခြင်း
  တစ်ခုခုကို ရွေးလိုက်သည်ကို လက်ခံအတည်ပြုသည်။




THE CHARIOT

- ဆုံးဖြတ်ချက်
- ရွေ့.လျားခြင်း (ရပ်တန့်မနေခြင်း)
- စိတ်ခွန်အား
- တိုးတက်မှုရရှိသည် (အတိုက်အခံများစွာကြားမှ)
- လွှမ်းမိုးအောင်နိုင်ခြင်း (အတိုက်အခံများစွာကြားမှ)
- အခက်အခဲကြားမှ မယိုင်းမယိုင်ဘဲ ထိန်းချုပ်နိုင်ခြင်း
- မိမိကိုယ်ကို ကောင်းစွာထိန်းကျောင်းနိုင်ခြင်း
- အရှုံးမပေးဘဲ အခဲအခက်ကြားမှ အေးဆေးတည်ငြိမ်စွာ စိတ်ရှည်စွာ ဆက်လုပ်ကိုင်နိုင်မည်
- ခရီးထွက်ခြင်း
- ပို့ဆောင်ရေးအလုပ်
- ကား၊ ရထား၊ ယာဉ်၊ လေယာဉ်စသည့် ပို့ဆောင်ရေးပစ္စည်း ကိစ္စ
- အတိုက်အခံကိစ္စများစွာရင်ဆိုင်ရပြီး ကြိုးစားပါမှ အောင်မြင်သည်


ight @ Mr. Tarot




THE STRENGTH

- အကြမ်းအားမသုံးသော စွမ်းအားပါဝါဖြင့် သိမ်းသွင်းသည်
- ယုံကြည်ချက်ရှိ
- စိတ်စွမ်းအင်၊ ကိုယ်တွင်းအား၊ အတွင်းအား
- ပါဝါအာဏာလွှမ်းမိုးနိုင်မှု / ချုပ်ကိုင်ခြင်း
- စိတ်ရှည်ခြင်း။ သတ္တိ။
- အိမ်မွေးတိရိစ္ဆာန် ကိစ္စ
- အတွင်းစိတ်ခိုင်မာဖို့လိုသည်
- ရိုင်းစိုင်းခက်ထန်ရာမှ ယဉ်ကျေးပျော့ပျောင်း လိမ္မာပါးနပ်လာသည်။
- ရှုးရှုးဒိုင်းဒိုင်းပေါက်ကွဲခြင်းထက် ပညာပါပါ အနိုင်ယူသင့်
- တွေးခေါ် အယူအဆမြင့်မားလာရန် တစ်ခုခုတွေ့ကြုံသည်
- အရှုံးပေးခြင်းမဟုတ်ပါ အချိန်ယူ ထိန်းကျောင်းပြီး ပိုမြင့်သော လမ်းကို ရှာနေခြင်းသာဖြစ်သည်။
- မေတ္တာ ကရုဏာနှင့် ပြိုင်ဘက်ကို ရင်ဆိုင်အနိုင်ယူပါ။
- အနေအထားကောင်းပြန်ရောက်အောင် အချိန်ယူသည်
- သူတပါးစိတ်အခြေအနေကိုနားလည်ပါ/ခြင်း
- ချုပ်နှောင်ခံရ၊ အကြပ်ကိုင်၊ မိန်းမတဦးအကြပ်ကိုင်


ght @ Mr. Tarot




THE HERMIT

- အထီးကျန်
- ရှာဖွေခြင်း
- အခြားသူများအား အလင်းပေး လမ်းညွှန်ပြသ
- တွေးခေါ်ဉာဏ်ကြီးမှု
- အဖြေကို ကိုယ့်ကိုယ်တွင်းမှာသာရှာပါ
- ပိုမိုနက်ရှိုင်းသောနားလည်မှုရရန် နေနေကြလောကမှ ခဏစွန့်ခွာရှာဖွေသည်။
- တစ်ကိုယ်တည်းနေသည်
- တရားရှာထွက်သည်
- လမ်းပြနိုင်သည့် ဆရာကောင်းတွေ့မည်
- အတုယူဖွယ် စံနမူနာထားဖွယ်လူ
- စိတ်ကိုစန်းစစ်သည်
- လျှပ်စစ်၊ မီး ကိစ္စများ အောင်မြင်
- ပြည်ပ သင်တန်း၊ ပြည်ပ ပညာသင် အောင်မြင်


ght @ Mr. Tarot




THE WHEEL OF FORTUNE

- အပြောင်းအလဲသည် ရှောင်လွှဲ မရပါ
- တိုးချဲ့.ခြင်း
- အရှိန်မြင့်လာသည်
- ကံကောင်းခြင်း
  ကံကောင်းလျှင်လည်းတစ်ကယ်ပင်ကောင်းဖို့ဖြစ်ခြင်း
- သံသရာစက်ဝန်းတစ်ကျော့ပြန်သည်
- ရည်မှန်းချက်ပန်းတိုင်
- မည်သည့်အရာမှ မမြဲပြောင်းလဲတတ်ခြင်းသဘော
- အပြောင်းအလဲကိုတော့ တားမရနိုင်ပါ။ ဘယ်လို အပြောင်းလဲကို တုံ့ပြန်မှာလဲ ဆိုတာက အရေးကြီး
- ကိုယ့်ကိုကို အေးဆေးစွာ ဆုံးဖြတ်ချက်များချဖို့ လုပ်ဖို့လိုသည် ကံကတော့ အမျိုးမျိုးထိန်းလို့မရဘူးလို့ ထင်ရလောက်အောင် ပြောင်းလဲပြနေမှာပါ။
- အပြောင်းအလဲကာလ
- သဘောတရား၊ အနေအထား၊ လည်ပတ်ပုံ၊ ပုံစံ တစ်ခုခုကို နားလည်သဘောပေါက်သည်။

ght @ Mr. Tarot




THE JUSTICE


- မျှတမှု၊ မျှမျှတတဖြစ်မည်
- ရိုးသားမှု
- စောင့်ထိန်းရမည့် ကျင့်ဝတ်
- ကျိုးကြောင်း စဉ်းစားချင့်ချိန်မှု
- မျှခြေ အခြေအနေ
- ဆုံးဖြတ်ချက်
- တာဝန်ယူတတ်စိတ်
- အမှန်အတိုင်းဝန်ခံခြင်း၊ အမှန်ပြောသည်
- တရားဥပဒေရင်ဆိုင်ရမည်၊ မှန်သူနိုင်မည်။
- လောကသဘောအရ အကြောင်းကြောင့် အကျိုးဖြစ်သည်
- အမှန်တရား လောကသဘောကို တားဆီးလို့မရပါ
- လိမ်လည်သူ၊ လှည့်ပတ်သူများ အလိမ်ပေါ်မည်
- အမှန်အတိုင်းလုပ်မှ အောင်မြင်မည်။ ခံစားချက်ရှေ့တန်းမတင်ရ။
- မျှတမှုကို လိုလားနေပါက အခုအချိန်သည် အချိန်ကောင်းဖြစ်သည်။

ght @ Mr. Tarot

THE HANGED MAN




- ဘာမှမတတ်နိုင်လို့ အရှုံးပေးလွှတ်ထားလိုက် ရသည်
- ကျန့်ကြာခြင်း၊ ရပ်ဆိုင်းထားရခြင်းဖြစ်မည်
- တစ်ခုခုရရန် ယခုစတေးရမည်
- စတင်ခြင်း အစပျိုးခြင်း
- ပုံမှန်မဟုတ်သော အတွေးသစ် အမြင်သစ် ရှု.ထောင်သစ်
- ကိုယ်ကျိုးမရသော ကာလ
- ရပ်ပြီးအတွေးအမြင်သစ်ရရန် လေ့လာသင်ယူစူးစမ်းသည်
- လက်ရှိအခြေအနေကို အတင်းထိန်းချုပ်သည်ထက် သူ.သဘောသူဆောင်သွားသည်က သင့်တော်မည်။
- မသေချာသည်များကို မကြောက်ဘဲငြိမ်းချမ်းစွာနေနိုင်ဖို့လို
- အခက်အခဲ၊ အတွေ့.အကြုံ၊ သင်ခန်းစာများကို လေ့လာဆန်းစစ်ပြီး အမြင်သစ်ရအောင်လုပ်သင့်ပြီ။
- ရှေ့တစ်ဆင့် တိုးတက်ဖို့ရာ စတေးရမည့်အချိန်ကာလ
- ဇောက်ထိုးမိုးမျှော်ဖြစ်သည်၊ ဘာမှမတတ်နိုင်
- ကိလေသာဖယ်ခွာချရန်ကျင့်ခြင်း
- မြင့်မားသောသဘောကိုသိမြင်ရန်ကျင့်ခြင်း ဉာဏ်ပညာကြီးသော သဘော




THE DEATH

- လုံးဝခြားနားစွာ ပြောင်းလဲဖို့ရာ အဆုံးသတ်ခြင်း
- အဆုံးသတ်သွားခြင်း၊ ပိတ်သိမ်းခြင်း (မေးပုံကို သေချာကြည့်ပါ- ဥပမာ ရောဂါအခြေအနေလို့မေးရင် ရောဂါပျောက်မည်။ လူအခြေအနေဆိုလျှင် သေမည်။)
- ငွေမည်းဝင်ခြင်း
- အကောင်ပြောင်းခြင်း၊ ပုံပြောင်းခြင်း
- အဖတ်ဆယ်မရ/ သုံးမရတော့ တာတွေအတွက် အချိန်ကုန်မခံပါနဲ့တော့။ ပိတ်မိမနေပါနဲ့တော့။ ခရီးဆက်ဖို့သာပြင်ပါ။
- ကွဲကွာခါနီးအချိန်။ ပြတ်ဆဲခါနီးအချိန်။
- အိမ်ပြောင်းသည်။
- အလုပ်ပြောင်းသည်။
- အသာအယာလွယ်ကူသော အပြောင်းအလဲမဟုတ်ပါ။
- ယခင်ကိစ္စကို လုံးဝအဆုံးသတ်မှသာ အသစ်စနိုင်မည်။
- သေဆုံးသည်။ ဘဝပြောင်းသွားသည်။
- ပြီးဆုံးခြင်း၊ ဆုံးရှုံးခြင်းကို ဘဝသင်ခန်းစာယူသင့်သည်။
- ကိလေသာပယ်ခွာသည်။ သန့်စင်သည်။

ght @ Mr. Tarot




THE TEMPERANCE

- ဟန်ချက်ညီ မျှတအောင် ချိန်ညှိခြင်း ဟန်ချက်ညီမှု
- စိတ်တိုင်းကျ အိမ်နေရာရမည်
- အနာရောဂါသက်သာပျောက်ကင်းခြင်း
- ပေါင်းစပ်ခြင်း (မတူညီကွဲပြားသော အရာ /သို့/ လူ များကို ပေါင်းပြီး အသစ်တစ်ခုဖြစ်ပေါ်ခြင်း)
- ပေါင်းစပ်ပြီး ပစ္စည်းအသစ်တစ်ခုခုကို ထုတ်လုပ်ခြင်း
- နတ်ဒေဝါ
- ငွေဝင်ခြင်း
- အလုပ်နှင့် မိသားစု မျှတအောင် ကြိုးစားခြင်း
- မိမိနှင့် အခြားသူတစ်ဦး ဟန်ချက်ညီအောင် ညှိယူခြင်း
- သာယာဝပြောခြင်း
- ကိစ္စများ တိုးတက်ရန် ခဏရပ်ပြီး တစ်ခုစမ်းကြည့်လိုက် ကောင်းလားစောင့်ကြည့်လိုက် နောက်တစ်ခုလုပ်လိုက် စသည်ဖြင့် လုပ်ရမည့်အချိန်ဖြစ်သည်။ (ထိုကိစ္စတွင် ခံစားချက်နှင့် လုပ်တွေ့.ဆန်ခြင်းကိုပေါင်းစပ်လုပ်ပါက ပိုတိုးတက်မည်။)
- အစွန်းမရောက်ဘဲ ညှိနိုင်းဆွေးနွေးကာ အဆင်ပြေသည်။





THE DEVIL

- အာသာပြင်းခံစားမှု၊ အာရုံတို့ကို တွယ်တာခံစားမှု
- ကာမ/ အာရုံ တွယ်တာ ငြိနှောင်ခြင်း ခံစားခြင်း
- ပစ္စည်းအပေါ် စွဲလမ်းမက်မောခြင်း၊ ငွေမက်ခြင်း
- ရုန်း မထွက်နိုင်ခြင်း
- ဒုက္ခပေးမည့် အရာကိုမှ ခံစားချင် လိုချင်သည်
- ဆေးအရက်စသည် စွဲခြင်း
- အာရုံကိုငတ်မွတ် ခံစားလိုခြင်း
- ကိုယ့်ကိုကိုယ် နစ်မွန်းအောင် ဖျက်ဆီးခြင်း
- မကောင်းသောအမှုတွင် မွေ့လျော်ခြင်း
- ကောင်းသော မြတ်သောအကျင့်မှ ဝေးကွာခြင်း
- အမှောင်လောက ၊ ပရောဂ၊ နတ်ဆိုး၊ အပမှီခြင်း
- လွတ်လပ်မှုပျောက်ကွယ်ခြင်း
- <u>တစ်ခါတစ်ရံတွင် -</u> *မကောင်းမှုလေး နည်းနည်းကို အပျော်လုပ်လိုသောသဘောကို ပြသသော ကတ် ဖြစ်သွားသည်။ သို့သော် နောက်ဆက်တွဲကတော့ ကိုယ်သာခံရမည်။*
- မျှော်လင့်ချက်မဲ့ခြင်း၊ အနာဂတ်တွင်မကောင်းကျိုးမြင်ခြင်း




THE TOWER


- ပုံမှန်မဟုတ် ရုတ်တရက် ပြောင်းလဲမှု
- အကြံပျက်စီးသည်၊ အဆုံးထိ ပျက်စီးသည်။
- အကျဉ်းအကြပ်ရုတ်တရက်ဖြစ်သည်
- ပေါက်ကွဲသည်
- ပြိုလဲသည်၊ ပြုတ်ကျသည်
- ဂုဏ်သတင်းပျက်စီး ညှိုးနွမ်းသည်
- ဖြတ်ခနဲ မြင်တွေ့/ ကြံစည်သည်
- အလိမ်ပေါ်သည်၊ ဖုံးဖိထားသည်များပွင့်အံသည်
- စိတ်ပျက်စရာကြီးကြီးကြုံသည်၊ စိတ်ဖိစီးသည်
- အံ့အားသင့်စရာကိစ္စ တွေးမထားဘဲ ဖြစ်သည်
- ခဲလေသမျှ သဲရေကျ ဆိုသလို ပျက်စီးသွားသည်
- သဘာဝဘေးအန္တရာယ်ကြုံရသည်
- အသစ်သာလုပ်တော့အခုမကုန်နောင်အကုန်ကုန်မှာ
- မျှော်လင့်မထားဘဲကလေးရသည်
- မျှော်လင့်မထားဘဲ ငွေအလုံးအရင်းကုန်သည်
- ငွေကို အရေးပေါ်အတွက် နည်းနည်းဖယ်ထားပါ။
- စိတ်ရူးပေါက်သွားသည်။ စိတ်ရောဂါထသည်။




THE STAR

- မျှော်လင့်ချက်။ ကံကြမ္မာပွင့်လန်းသည်။
- အားသစ်လောင်းပြီး လတ်ဆတ်သော အစနိဒါန်း
- သန့်စင်ခြင်း၊ သန့်ရှင်းအောင်လုပ်ခြင်း
- နက္ခတ်။ သဘာဝလွန်ပညာရပ်များ
- ငြိမ်းချမ်းရေး။ ငြိမ်းချမ်းမှု။ သာယာမှု။
- အကောင်းမြင်၍ စိတ်ချမ်းသာခြင်း။
- ဆူးခင်းလမ်းမှ ပန်းခင်းလမ်းသို့...
  (လောကသဘောအရ ..အကောင်းများလာပြီ)
- တရား အသိဉာဏ်ပွင့်မည်။ ဆက်သွယ်ခြင်း။
- နေကောင်းမည်။ ရောဂါပျောက်မည်။
- ရေနှင့်ပတ်သက်သော ကိစ္စ ဆင်ပြေသည်။
- အနာဂတ်ကိုလည်းကြံဆပါ၊ လက်ရှိကိုလည်း
  အားလျော့မသွားဘဲ ကြိုးစားပါ။
- အကောင်းများဖြစ်ရန် တည်ငြိမ်မှုရှိဖို့ လိုသည်။
- ဆုံးမသောကိစ္စတွင် အကောင်းမြင်ပြီး နူးညံ့ပါစေ
- တီထွင်မှုများအောင်မြင်ပြီ/အောင်မြင်တော့မည်
- ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည်

ght @ Mr. Tarot




THE MOON

- အမှောင်ထု
- မသိခြင်း သံသယ
- သားသမီးဆိုးအတွက် စိတ်ညစ်ရသည်
- ပုံရိပ်ယောင်။ ပုံမှားရိုက်။ အထင်မှား။
- အကြောက်တရား
- ပြင်းထန်သောစိတ်ခံစားမှု
- ဆုံးဖြတ်ချက် လမ်းမှားရောက်သည်
- ဖုံးကွယ်ထားခြင်းများရှိသည်
- သင်ဘာကိုကြောက်လဲ? သင့်မျှော်လင့်ချက်တွေကဘာလဲ? ဘာခံစားချက်တွေရှိလဲပြန်ကြည့်သင့်တယ်။ ဘာမှမလုပ်ခင် အရင် စဉ်းစားပါဦး။ အလောတကြီးနဲ့ မမှားပါစေနဲ့။
- ဖုံးကွယ်ထားသင့်သည်များလည်း ရှိသည်
- ဥတု ရာသီကာလ အပြောင်းအလဲ
- လပြည့်လကွယ်
- မိန်းခလေး၏ လစဉ်ရာသီစက်ဝန်း
- လောင်းကစား ရှုံးမည် ရပ်ထားပါ။

ight @ Mr. Tarot




THE SUN

- အောင်မြင်ခြင်း၊ အကောင်းဘက်ရောက်ခြင်း
- ပျော်ရွှင်ခြင်း
- သေချာပေါက် အောင်မြင်မှာပါ / ဟုတ်ပါတယ်
- ကြည်လင်ပြတ်သားခြင်း
- ခိုင်မြဲသေချာခြင်း
- ဉာဏ်အမြင်ပွင့်လင်းခြင်း၊ အယူမှားမှ လွတ်မြောက်ခြင်း၊
- မှားယွင်းစွာ သက်ဝင်ယုံကြည်မှု မှ လွတ်ခြင်း
- ဉာဏ်ကွန့်မြူးခြင်း၊ စိတ်တက်ကြွခြင်း
- အသက်ရှင်ခြင်း၊ အသက်ချမ်းသာရခြင်း
- အားလုံးကို ဖွင့်ချပြဖို့. အချိန်တန်ခြင်း
- ထင်ပေါ်ရမှာကြောက်မနေပါနဲ့၊ အောင်မြင်မှုတွေကို ထုတ်ဖော်ပြီး အောင်ပွဲခံပါတော့။
- စိတ်လွတ် ပျော်ရွှင်စွာ ဖန်တီးပါ။ စူးစမ်းပါ။
- သင်လုပ်ဖို့ အာသီသပြင်းခဲ့တာတွေ (ကောင်းတဲ့ဟာ) လုပ်တော့။
- အားအင်ပြည့်ခြင်း




THE JUDGEMENT

- အဆုံးအဖြတ် + အပြောင်းအလဲ
- ပြန်လည်မွေးဖွားခြင်း၊ အသစ်တဖန်ပြန်လည်ဖြစ်ခြင်း
- အရင်ဖြစ်ခဲ့သော ကိစ္စများကို ပြန်လည်သုံးသပ်ခြင်း
- အကျိုးသက်ရောက်မည့် အပြောင်းအလဲလုပ်ရန် သုံးသပ်ဝေဖန်ပိုင်းခြားသည်
- ကိစ္စများကို ဘာကြောင့်လဲဟု ပြန်လည်သုံးသပ်ကာ သင်ခန်းစာယူကာ ပြောင်းလဲရမည့် အချိန်ကာလ
- ရိုးသားစွာ စဉ်းစားပါ လုပ်ကိုင်ပါ လမ်းမှန်ရွေးပါ။
- ပိုမိုမြင့်မားအောင် တက်လှမ်းဖို့ ကြိုးစားနိုင်သည် (မဖြစ်နိုင်ဘူးဆိုတာ မရှိပါ။)
- နိုးကြားလာသည် နိုးထလာသည်
- အချက်ပြခြင်းများ ခေါ်သံ။ လုပ်ချိန်တန်ပြီဟု ထင်
- ခွဲနေရသူပြန်ဆုံ၊ ရပ်နေသောအခွင့်အရေးများ ပြန်ရ
- မှန်ကန်စွာ တရားစီရင်မှု
- ဆုံးဖြတ်ရခက်သည့်ကာလ ရိုးသားပါကအောင်မြင်
- အပြစ်ဆေးကြောသန့်စင်။ အကူအညီပေးသူများပေါ်
- သမားကောင်းတွေ့သည်


Copyright @ Mr. Tarot




THE WORLD

- ပြီးမြောက်အောင်မြင်ခြင်း။ စတင်ခြင်း။
- နိုင်ငံခြား/ရပ်ဝေးမှ ဧည့်လာ/ သတင်းကောင်းလာသည်
- ပြည့်စုံခြင်း၊ ပြည့်ဝခြင်း
- လိုအပ်ချက်များပြည့်စုံခြင်း၊ တစ်ခုပြီးတစ်ခုစိတ်ချမ်းသာရ
- အောင်ပွဲ။
- ရည်မှန်းချက်ခရီးရှည်၏ ပန်းတိုင်ရောက်ခြင်း
- ဘဝသင်ခန်းစာများ တတ်မြောက်ခြင်း
- အသစ် စတင်ရန် အရံသင့်ဖြစ်ခြင်း
- ဘွဲ့ရခြင်း
- ကမ္ဘာမြေ၊ မြေကြီး
- ကိုယ်ကျိုးပြည့်စုံပြီး ပတ်ဝန်းကျင်နှင့် ကမ္ဘာမြေကောင်းကျိုး အတွက်လုပ်ရန် အချိန်ကာလ
- သဟဇာတဖြစ်သည် ပေါင်းစည်းသည်။
- တစ်ခုခု ထုတ်လုပ်သည်
- ဉာဏ်ပွင့်သည်
- ဂုဏ်သတင်းကျော်ဇောခြင်း၊ ကြီးမြတ်ခြင်း
- ထိပ်ဆုံးရောက်သည်

ght @ Mr. Tarot




Ace of Wands

- ဟုတ်တယ်။ ဖြစ်မှာပါ။
- အကြံဉာဏ်
- မွေးဖွားသည်
- စတင်ရန် ခွန်အားမာန်ရှိလာသည်
- လုပ်ချင်စိတ်
- အခွင့်အရေး
- မြူးပျော်သည်
- တိုးတက်မှုရသည်
- မျိုးစေ့ကား ရှိနေသည် ပြုစုရန်လိုသည်
- စိတ်ပါဝင်စား တက်ကြွမှု
- ရဲရင့်တက်ကြွပါစေ
- ဘဝသစ်စ
- အချစ်အတွက်- အချစ်ကြွချိန်၊ ပျော်ရွှင်ဖွယ်ကောင်းချိန်
- အလုပ်အတွက်- အခွင့်အရေးရရန် စိတ်အားထက်သန်မှု နှင့် ဖန်တီးမှုလိုသည်

Copyright @ Mr. Tarot




Two of Wands

- ရဲရင့်ခြင်း
- အင်အားကြီးစွာ ဦးဆောင်ခြင်း
- ဘယ်သူမှမလုပ်သေးတာကို လုပ်ခြင်း၊ ကိုယ်ပိုင်ဟန်ရှိခြင်း
- ပါဝါ၊ လုပ်ပိုင်ခွင့် ရှိသည်
- အလားအလာကို ကြိုတင်မှန်းဆသည်
- အကြံထုတ် အစီအစဉ်ဆွဲသည်
- ခရီးမသွားခင် နှိုင်းဆသည်
- လမ်းများစွာထဲမှ ရှေ့ရေးစဉ်းစားကာ ရွေးသည်
- နည်းဟောင်းလျှောက်ရန်မလို ကိုယ်ပိုင်ဟန်ဖြင့်လုပ်ပါ
- အခြေအနေတစ်ခု အမြင့်ဆုံးရောက်သည် (ကမ္ဘာလုံးပင် လက်ထဲရောက်နေသည်)

Copyright @ Mr. Tarot




Three of Wands

- အကျွမ်းတဝင်မရှိသည့် နယ်သစ်ထဲ သို့ထွက်ခွာသည် နောက်ပြန်လှည့်ရန်မရှိ
- ပါဝါအာဏာလုပ်ပိုင်ခွင့်ရှိသည်
- ရဲရင့်သည် မိမိကိုယ်ကို ယုံကြည်သည်
- အလုပ်တစ်ခုကို စတင်အစပျိုးလိုက်သည်
- အပေါ်ပိုင်းမှ စီမံကွပ်ကဲသည်
- ကုန်သွယ်ခြင်း၊ ဈေးညှိခြင်း
- ရေရှည် စီမံကိန်းဆွဲသည်
- မျှော်တွေးသည်
- ရပ်ဝေး ခရီးထွက်ခြင်း
- အတိတ်မှနာကျင်မှုများမေ့ပြီး အသစ် စတင်ရန်အချိန်
- ကုန်သွယ်ရေး ကို ပူးပေါင်းလုပ်ကိုင်သည်
- တိုးတက်ဖို့ရန် သေချာသည်။




Four of Wands

- အိမ်ပြန်ရောက်သည်
- ဆိုက်ရောက်သည် အောင်ပွဲခံပြန်လာသည်
- ကြိုးစားမှု၏ အသီးအပွင့်များရိတ်သိမ်းချိန်
- ပွဲလမ်းသဘင် / ပွဲတော်
- ဂုဏ်ပြုပွဲ
- ပျော်ရွှင်စရာအိမ်
- စာမေးပွဲအောင်၊ မင်္ဂလာနစ်ပတ်လည်၊ မွေးနေ့မင်္ဂလာ၊ မင်္ဂလာဆောင်၊ စသည်
- ကြိုးစား၍ အောင်မြင်ပြီးမြောက်ခြင်း
- ဂုဏ်သတင်း ကျက်သရေ
- ခိုင်မာသော အသင်းအဖွဲ့.
- အိမ်သစ်ဝယ်သည်
- ပြန်ရောက်လာသူက အိမ်သားတို့ကိုပျော်စေသည်
- အောင်မြင်မှုရရန် ကူညီသူများကိုကျေးဇူးတင်စကားပြောပါ
- အခုလက်ရှိအောင်မြင်မှုနှင့် ဆက်လက်ကြိုးစားပါ
- လွတ်လပ်ခြင်း
- လန်းဆန်းတက်ကြွသောစိတ်

Copyright @ Mr. Tarot




Five of Wands

- အပြိုင်အဆိုင် အနိုင်လုပွဲ
- ကစားပွဲ
- ပြသနာဖြေရှင်းသည်
- ရုန်းကန်သည်
- အပြင်းအထန် အားထုတ်သည်
- စိတ်ညစ်စရာ အဆင်မပြေမှုများ ဖြစ်နေသည်
- လုပ်ချင်သည်များမတူ၍ ငြင်းခုံသည်
- စရိုက်မတူ အချင်းများသည်
- မတူညီခြင်းများမှ အမြတ်ယူနိုင်လျှင်ကောင်းသည်
- အချင်းချင်း ရန်မမူဘဲ စုပေါင်းလုပ်က ပိုကောင်းသည်
- အသင်းအဖွဲ့.အတွင်း ငြင်းခုံသည်

Copyright @ Mr.Tarot




Six of Wands


- ဂုဏ်ယူစရာ၊ အားကျခံရသည်
- အောင်မြင်မှု
- ဦးဆောင်နိုင်မှု
- ထောက်ခံမှု
- တိုးတက်မှု
- အောင်နိုင်သည်
- လူထုဆန္ဒ အများသဘောထား
- အသိအမှတ်ပြုခံရသည်
- သင်ဒီအခြေအနေရောက်အောင် ထောက်ပံ့ခဲ့သူများအား မေ့မနေပါနှင့် အောက်ခြေမလွတ်ပါစေနဲ့
- သမာသမတ်ကျမှု နှင့် တာဝန်ယူစိတ်ရှိရန်လိုသည်
- အနေအထားတစ်ခုတော့ အောင်မြင်ပါပြီ သို့သော်ပန်းတိုင်သို့ ဆက်သွားရန် လိုသည်ကို သတိပြုပါ။




Seven of Wands

- ရန်လိုသည်၊ ခုခံသည်
- အတိုက်အခံကို ခုခံသည် ရင်ဆိုင်သည်
- ခုခံရန်အသင့် အတွေးနှင့် သာကြည့်နေသည်
- လက်မလျော့၊ နောက်ဆုတ်ရန်မတွေး
- သတ္တိရှိသည်
- အလုပ်စသည်တွင် စိန်ခေါ်မှုများစွာရှိနေသည် ကိုယ်ဘာကောင်လဲဆိုတာပြဖို့ ရုန်းကန်နေရသည်
- ကိုယ့်ယုံကြည်မှုက ဘာလဲသိအောင်သေချာဆုံးဖြတ်ပါ။ မှန်လျှင်စွဲကိုင်ထားပါ။ တခါတလေ လုပ်သင့်သည်ကို အများနှင့် ဆန့်ကျင်ကာ လုပ်ရတော့မည်
- စတင်တိုက်ခိုက်သည်
- လုပ်မှုကို ဖြစ်မည့်အခြေအနေထဲရောက်သည်

Copyright @ Mr.Tarot




Eight of Wands

- မြန်ဆန်စွာတိုးတက်ခြင်း (အကောင်း)
- အားအင်နှင့် အလျင်အမြန်ပြောင်းလဲသည် (အကောင်း)
- မြန်ဆန်စွာဆက်ဆံရေးတိုးတက်သည်
- အဆက်အသွယ်အမြန်ရသည်
- လေကြောင်းခရီးသွားသည်
- အလိုက်သင့်ပါသွားသည် (အကောင်း)
- အင်အားဘယ်လောက်သုံးထားလဲ ဂရုပြုပါ။ ရပ်လို့နားလို့တောင်ရတော့မည်မဟုတ်ပါ။ စလိုက်သည်နှင့် အမှီကိုင်ကာလိုက်ဖို့သာရှိသည်။
- ဘာလို့ဒီလောက် အလျင်အမြန်လုပ်နေတာလဲကို သတိထားပါ။ ပန်းတိုင်ဆီကိုရော ဦးတည်နေရဲ့လား။ လိုချင်တာနဲ့တည့်နေရင်တော့ အသာအယာပဲ။
- စိတ်ဝင်စားရာမှ အချစ်အဖြစ်သို့ ရောဂါတိုးသွားသည်
- သင်စောင့်နေသည်မှာ ခဏချင်းပင်သင့်ထံရောက်လာမည်
- အရေးကြီး သတင်းစကား
- အမှန်ကိုသိရသည်။
- အမြန်လုပ်ရန်လိုသည်


Copyright @ Mr.Tarot




Nine of Wands

- သတိရှိရှိ
- အကာအကွယ် / ကာကွယ်ရန်အသင့်ပြင်ထားပါ
- ဒါမျိုးအတွေ့အကြုံရှိတောင် ခုခံရန်အသင့်ပြင်ထားပါ
- သံသယ
- ဉာဏ်ပညာသည် အတွေ့အကြုံများစုရာမှ ဖြစ်လာသည်
- အရင်ကဒါမျိုးဖြစ်ဖူးရင် အဲ့ဒီအချိန်တုန်းက
  ဘာတွေဖြစ်ခဲ့လဲကို အသုံးချဖို့ သင်ခန်းစာယူပါ
- အဆိုးကိုတွေးထားမှ တော်မည်
- သင်သည် မြေစာပင်အနေအထားတော့ မဟုတ်ပါ။
  သင့်ဖာသာသင် လုပ်ဖို့လိုမလို ရွေးချယ်နိုင်သည်။
- သက်လုံကောင်းဖို့လိုသည် ကြာကြာတောင့်ခံရမည်

ight @ Mr. Tarot




Ten of Wands


- အောင်မြင်ခြင်း
- အလုပ်လုပ်သည်
- တာဝန်ယူစိတ်၊ တာဝန်ယူသည်
- မနိုင်ဝန်ကို ထမ်းသည်
- လေးလံသည်
- ကိုယ့်ဖာသာကိုယ်ပိတ်မိနေသည်၊ မနိုင်မနင်းဖြစ်သည်
- (သူများမလုပ်နိုင်သည်ကို) ဂုဏ်ယူစွာ လုပ်သည်
- တစ်ဦးဦးက တာဝန်ယူလွန်းသည် အလွန်အမင်းအလုပ်လုပ်သည် ဟု ဝေဖန်သည်
- မနိုင်ဝန်ဖြစ်နေလျှင် သတိထားပါ အလုပ်များနေသည်နှင့်ပင် အခွင့်ကောင်းများ ဆုံးရှုံးတတ်သည်။
- မနိုင်ဝန်ပိကာ ရှုန်းကန်ရင်း ဒဏ်ဖြစ်မည် သတိထား
- အရေးကြီးသည်ကိုအရင်လုပ်ပါကပိုသင့်သည်
- လုပ်သည်နှင့် လုပ်ခတန်လို့လား
- သင်လုပ်မှပြီးသည်မဟုတ် အခြားသူလည်းလုပ်တတ်သည်

ight @ Mr.Tarot




Page of Wands


- လွတ်လပ်သောစိတ်ဓာတ်
- သတင်း၊ သတင်းစကား
- စပ်စုသည် စူးစမ်းသည်
- စိတ်အားတက်ကြွသည်
- စိတ်ပါသည်
- ရှာဖွေသူ
- ရည်မှန်းချက်ကြီးထားသည်
- ပေါင်းသင်း ဆက်ဆံရေး ကောင်းသူ သွက်သူ
- လုပ်ချင်စိတ်ဖြင့် စတင်လိုက်သည်
- အကြောက်နည်းပါးသည်
- အသစ်လုပ်သည်
- ယုံကြည်ချက်ရှိသည် (မရေရာလျှင်ပင်)




## Knight of Wands

- ဖိနိပ်က ပုန်ကန်တတ်
- နောက်ပြန်မတွေးတတ် ရှေ့ကိုသာတွေးသူ
- စွန့်စားရသည်ကိုကြိုက်
- ယုံကြည်မှုလွန်ကဲနေသည် မနိုင်တာကိုနိုင်တယ်ထင်သည်
- အပြောကြီးသူ မာန်တက်နေသူ
- စိတ်အပြောင်းအလဲမြန် ခုတမျိုးလုပ် တော်ကြာတစ်မျိုး
- နေချင်သလိုနေထိုင်သည် ဖရိုးစတိုင်
- အလောသုံးဆယ်လုပ်
- ချစ်ပြလိုက် ဒေါသထွက်လိုက်
- စိတ်ဓာတ်အားသန်မြူးတူး
- ယှဉ်ပြိုင်ချင်သူ
- အလုပ်စလုပ်ရန် မလေးလံပါ။ ဖင်ပေါ့သည်
- အလုပ်တစ်ခုကို လုပ်သည်
- ရွှေ့လျားမှု
- မြေပြင်ခရီးသွားသည်
- အပူဓာတ်

Copyright @ Mr.Tarot




Queen of Wands

- အမှီအခိုမဲ့ လွတ်လပ်စွာလုပ်သည်/ နေသည်
- ကိုယ့်ကိုယ်ကို ယုံကြည်ချက်ရှိ
- ဖန်တီးနိုင်စွမ်းရှိ
- ကြည်နူးဖွယ်ကောင်း
- ဦးဆောင်သူ
- သတ္တိရှိသူ
- အားအင်ပြည့်ဝတက်ကြွသူ
- ဖော်ရွေ ပေါင်းသင်းတတ်သူ ပေါ်ပြူလာဖြစ်သူ
- လွှမ်းမိုးနိုင်သူ
- အလျင်အမြန်လုပ်တတ်သူ အရှိန်လိုပါက အရှိန် တင်တတ်သူ
- အကောင်းမြင်တတ်သူ
- ဆွဲဆောင်မှုရှိ


ight @ Mr. Tarot




King of Wands

- ခေါင်းဆောင်
- ပါဝါအာဏာကြီးသူ
- ကိုယ်လုပ်လိုဖြစ်မယ်လို့ စိတ်ထဲထင်ရင် စွန့်စားဝံ့သူ
- ဖန်တီးအားရှိသူ
- အားလုံးကို လွှမ်းမိုးချုပ်ကိုင်နိုင်သူ
- ယုံကြည်မှုအပြည့်ရှိ
- ကိုယ့်ကိုယ်ကို အားကိုးအားထားသူ
- မာန်မာနကြီး
- လုပ်မည်လို့ပြောရင် တစ်ကယ် လုပ်သူ
- ကိုယ့်ဂုဏ်ကို အမွှန်းတင်သူ
- သတ္တိရှိသူ
- ရက်ရောသူ
- စိတ်ခေါ်မှုကိုကြိုက်
- အချစ်ကြီးသလို အမျက်ဖြစ်က အမျက်ကြီးသည်
- မိသားစုကိုဦးဆောင်နိုင်သူ ထောက်ပံ့နိုင်သူ
- ရှိသမျှကုန်အောင် လောင်းကစားလုပ်သူ

Copyright @ Mr.Tarot




Ace of Cups

- ကိုယ်တွင်းမှလာသော နက်ရှိုင်းသော စိတ်ခံစားချက်များ ဥပမာ- အချစ်စိတ်၊ ကိုယ်ချင်းစာစိတ်၊ စိတ်ချင်းနီးခြင်း၊ သူများ၏စိတ်သဘောကိုနားလည်ခြင်း၊ စသည်များ
- ဆက်ဆံရေးနီးစပ်မှုရသည်။ ဆက်သွယ်မှုရသည်
- ကိုယ်တွင်းအသိနှင့်ခံစားချက်ကို အလေးပေး ဂရုပြုပါ။
- လိုအပ်နေသူများကို စိတ်ချမ်းသာရအောင်ပေးကမ်း သည်
- ချစ်ကြောင်းပြသသည်/ ထုတ်ဖေါ် သည် / ဖွင့်ပြောသည်
- စိတ်ခံစားချက်ကို ဖော်ထုတ်ပြသည်
- ရည်းစားစာပေးသည်
- အချစ်သစ်။ ပျော်ရွှင်မှုအသစ်။
- စိတ်ဓာတ်ပြန်လည်တက်ကြွ လန်းဆန်းလာသည်
- မကောင်းသော စိတ်ခံစားချက်ကို ပယ်လိုက်သည်
- စိတ်ကြည်နူးရသော လက်ဆောင်
- မျှော်လင့်နေသော ကိုယ်ဝန်ရသည်။ မွေးဖွားသည်။
- အသိမြင့်မားခြင်း တစ်ဆင့်တက်သည်
- ချစ်သော၊ ရင်းနီးသောလူများ၏ (တွေ့.ဆုံရန်) ဖိတ်ကြားမှု

ght @ Mr. Tarot




Two of Cups

- အချစ်
- ပေါင်းစည်းခြင်း
- ယုံကြည်မှု၊ အချင်းချင်း ထောက်ပံ့မှုပေးခြင်း
- ဆွဲဆောင်မှုရှိခြင်း
- အကျိုးတူ အလုပ်အတူတွဲလုပ်သည် / ပါတနာဖွဲ့သည်
- ညီမျှခြင်း (သို့) နှစ်ဦးနှစ်ဖက် အနည်းငယ်စီ အလျှော့ပေးကာ ညှိပြီး အဆင်ပြေအောင်လုပ်လိုက်သည်
- ဆန့်ကျင်ခဲ့သူများ ငြိမ်းချမ်းရေးတည်ဆောက်သည်
- နားလည်မှုရသည်
- နှစ်ခု (သို့) နှစ်ခုထက်ပို ပေါင်းကာ တစ်ခုခုကိုစတင်သည်
- မျှဝေခြင်း၊ ကူညီထောက်ပံ့ခြင်း
- ပြန်လည်သင့်မြတ်သည် /တည့်သည်

ght @ Mr.Tarot




Three of Cups

- အပေါင်းအသင်း
- ပါတီကျင်းပသည်၊ အောင်ပွဲခံသည်
- အပျော်ကိစ္စ ပျော်ရွှင်မှု
- အောင်မြင်မှု
- ကခုန်သည်
- ဖျော်ဖြေသည်
- ရိုးရာပွဲတော်၊ ထုံးစံ အရလုပ်သည့် ပွဲ
- အပေါင်းသင်း အချင်းချင်းယုံကြည်မှုရှိခြင်း
- ပေါင်းသင်းပီသစွာ ကောင်းသောရလဒ်ကို မျှဝေခံစားခြင်း
- ပေါင်းသင်းပီသစွာ ကူညီထောက်ပံ့ခြင်း
- အပေါင်းအသင်းစိတ်ဓာတ်
- စည်းလုံးအင်အား
- အသင်းအဖွဲ့. အတွင်း တက်ညီလက်ညီလုပ်သည်

Copyright @ Mr.Tarot




Four of Cups

- ငြီးငွေ့ ပျင်းစရာ
- စိတ်သဘောမတွေ့ မကျေနပ်ချက်
- ရုပ်သိမ်းသည် နောက်ဆုတ်သည် (စိတ်မပါသဖြင့်)
- လုပ်သင့်သည်ကိုမလုပ် စိတ်ကူးယဉ်နေသည်
- စိတ်မပါလက်မပါဖြစ်သည်
- အခွင့်အရေးများနှင့် စိတ်ပါဖွယ် အခွင့်အလမ်းများ ရှိနေသော်လည်း ဂရုပြု စိတ်မပါလို့ မမြင်တာပါ
- စိတ်မပါလက်မပါဖြစ်ပါက မရပ်လိုက်ပါနဲ့ သို့သော် အားအင်ဖြစ်ပေါ်ရန် ခဏနားပါ။ အားအင်သစ် မျှော်လင့်ချက်အပြည့်ဖြင့် စိတ်ပါလက်ပါ ပြန်စပါ
- သူတပါး/အခြေအနေအရ မလုပ်ဘဲ မိမိ ဆန္ဒကိုသာ ဦးစားပေးနေသည်


Copyright @ Mr. Tarot




Five of Cups

- နှစ်သက်သောအရာ / လူ ဆုံးရှုံးမှု
- စိတ်ပျက်သည် စိတ်ဓာတ်ကျသည်
- အကြောက်တရား
- လုပ်ခဲ့သည့် အပြစ် ကိုတွေးကာ နောင်တရ ခံစားသည်
- စိတ်ခံစားမှုနောက်လိုက်ကာ ပြုလိုက်ခြင်းကြောင့် အဆိုးတစ်ခုကြုံပြီးနောက် အပြောင်းအလဲကာလ
- ဝမ်းနည်းကြေကွဲသည်
- ဆက်ဆံရေး လမ်းခွဲ
- မကောင်းတာတစ်ခုခုလာတော့မည်ဟု စိတ်ထဲထင်သည်/ နိမိတ်ထင်သည်
- လွန်ခါမှရသော နောင်တ

Copyright @ Mr. Tarot




Six of Cups

- အတိတ်ကာလ အတိတ်ကာလမှ အောင့်မေ့ဖွယ်ရာ ကိစ္စ
- လက်ဆောင်မွန်
- ကြင်နာမှု။ စောင့်ရှောက်မှု
- စိတ်ကောင်းနှလုံးကောင်း
- ကာကွယ်စောင့်ရှောက်ခြင်း
- ငယ်စဉ်ခါ ကလေးဘဝ ၊ ကလေးဘဝခံစားမှု
- ကလေးဆန်သော
- ဖြူစင်ရိုးသား အပြစ်ကင်းခြင်း
- အခြားသူ၏ တနေ့တာကို အလင်းပေးရန် နည်းလမ်းရှာ
- ကလေးများကို ကြည့်ကာ ရိုးသားမှုကို သင်ယူရန်ကာလ
- အရင်အတိတ်က ရိုးသားဖြူစင် နူးညံ့ခဲ့ခြင်းကို ဉာဏ်ဖြင့်စဉ်းစားကာ လက်ရှိမှာ သုံးရန်လိုသည်
- အတိတ်ကို သတိရစေသော ပစ္စည်း သို့မဟုတ် လူ
- အိမ်ပြင် အလှဆင်သည်။
- လက်ဆောင်ရွေးသည် (ရိုးရှင်းသောလက်ဆောင်သည် သင့်တော်မည်)

ight @ Mr. Tarot




Seven of Cups

- စိတ်ကူးများများလွန်း/ရွေးချယ်စရာများလွန်း ၍ ဘာကိုမှမရွေးဖြစ် မလုပ်ဖြစ်ဘဲ ဝေခွဲခက်သည်။
- လက်ရှိကို အာရုံမစိုက်နိုင်ဘဲ ကြံစည် အာရုံများနေသည်
- လုပ်သင့်သည့် လမ်းကိုရွေးရန်လိုနေပြီ အာရုံကိုစုစည်းပါ
- စိတ်ကူးယဉ်သည်။
- စိတ် ဂယောက်ဂယက်ဖြစ်သည်။
- အာရုံထဲမှန်းဆ ပုံဖော်နေသည်
- တီထွင်ကြံဆပြီး စိတ်ကူးထဲပုံဖော်သည်
- နှစ်သက်ဖွယ် ခံစားစရာများကို စိတ်ထဲမှန်းဆသည်
- ရည်မှန်းသည်က လက်တွေ့မဖြစ်နိုင်လောက်အောင် ကောင်းလွန်းနေသည်
- လက်တွေ့လုပ်ရန် ပျင်းရိသည်
- ခံစားပျော်ပါးလွန်းနေသည်
- ကျန်းမာရေး/အလုပ်ထိခိုက်လောက်အောင် အပျော်မက်သည်

ght @ Mr. Tarot




Eight of Cups

- စွန့်ခွာသည်၊ စွန့်ခွာပြီး ရှေ့ဆက်သည်
- မတတ်နိုင်၍ အရှုံးပေးသည်
- စိတ်အားသန်မှုပြန်ရရန်တည်ဆောက်နေသောကာလ
- ခရီးထွက်သည်
- နေရာ သို့ တစ်ခုခု ကိုစွန့်ခွာသည် (အလုပ်ထွက်သည်၊ ပြတ်စဲသည်၊ မျှော်လင့်ချက်ကိုစွန့်လွှတ်သည် အိမ်ပြောင်းသည်.. စသည်)
- တစ်ကိုယ်တည်း နေပြီး စိတ်နဂိုအခြေအနေပြန်ရရန် အခြေအနေတို့ကို ပြန်လည် စဉ်းစားသည်
- မဖြစ်နိုင်ဟုထင်သောကြောင့် စိတ်ပျက်ကာ အခြေအနေကောင်း အခွင့်ကောင်းကို ရှာရန်လုပ်သည်။
- စိတ်မပါသည့်အရာကို စွန့်ပြီး အသစ်ရှာသည်
- လက်ရှိကို စိတ်ကုန်စိတ်ပျက်လာသည် အင်အားပါမရှိချင်တော့ပါ

Copyright @ Mr.Tarot




Nine of Cups

- စိတ်ချမ်းသာ လိုအင်ပြည့်ဝသည်
- ဇိမ်ခံသည်၊ ခံစားပျော်ပါးသည်
- မျှော်လင့်ချက်များ အောင်မြင်သည်
- ပါတီကြီးပေးသည်
- ကျန်းမာရေးကောင်း နေလို့ကောင်းသည်
- လက်ရှိရနေသောနေရာ သို့ အခြေအနေကို ကျေနပ်သည်
- ရည်မှန်းချက်များ ပြည့်ဝရန်နည်းနည်းသာလိုတော့သည်
  ပြည့်ဝလျှင်ပျော်ရမည့်အဖြစ်ကို တွေးကာ အားဖြည့်လုပ်ပါ
- အရာရာပြည့်စုံနေသည်ဟု ထင်နေသောလူတစ်ယောက်
- လိုသည်ထက်ပိုမိုကာ အလွန်အမင်း မာန်တက်နေသူ
- အလှအပကိုခံစားသည်
- ကာမဂုဏ်ခံစားသည်
- ကျေနပ်စွာ အနားယူသည်




Ten of Cups

- လိုအင်ပြည့်ဝ စိတ်ချမ်းသာရသည်
- စိတ်ချမ်းသာစရာကို ဘေးမှလူများနှင့် မျှဝေခံစားသည်
- ပျော်ရွှင်ချမ်းမြေ့သော အိမ်၊ အိမ်ထောင်
- နတ်ဖက်သောဖူးစာ (ကံကောင်းသည်)
- ဘဝ၏ ပျော်စရာ အချိန်များ
- မပြည့်ဝသေးသောအခြေအနေတွင် ဤကဒ်ကျခဲ့သော် ပျော်စရာတွေဖြစ်လာတော့မှာမဟုတ်ပါဘူးဟု ညည်းတွားနေမည့်အစား လုပ်သင့်တာလုပ်ကဖြစ်လာနိုင်သည်။
- အိမ်အတွင်း စိတ်ချမ်သာစရာကောင်းသည်
- နေကောင်းသည်
- အနာဂတ်အရေး စိတ်ချမ်းသာဖွယ် ဖြစ်သည်
- မိသားစုပြန်ဆုံသည်
- လိုအပ်သော အမျိုးကိုထောက်ပံကာ စိတ်ချမ်းသာစေသည်
- မိသားစု ပျော်စရာကိစ္စ၊ အခမ်းအနားစသည်
- ကျေးလက် တောရွာတွင်နေထိုင်ခြင်း


Copyright @ Mr. Tarot




Page of Cups

- ကြည်နူးစရာကောင်းသည်
- ပျော်စရာကောင်းသည်
- မသိစိတ်မှ ဖြစ်လာသော ခံစားမှုဆိုင်ရာ စိတ်ကူး
- ချစ်ရန် စိတ်ပါသည်
- စိတ်ထဲနှလုံးထဲ ထိမှန်စေသော သတင်းစကား
- ကလေးဆန်သည်/ အထိမခံဖြစ်သည်
- ချစ်စရာကောင်းသော မျက်နှာချိုသောကလေး
- အဆော့သန်သည်
- အနောက်သန်သည် အပျော်အပြက်ကိစ္စ
- ကြင်နာသော
- စိတ်ထဲပါသည်ကို လုပ်သည်
- စိတ်ကူးယဉ်ကာ စိတ်ကူးကိုကောင်ထည်ဖော်ပြီးလုပ်သည်
- စိတ်ချင်းနီးစပ်မှု ထပ်လောင်းရသည်
- အချစ်ကြည်ဆယ်သည် ကြည်နူးဖွယ်ဖြစ်အောင်လုပ်သည်
- ရည်းစားစာ
- အချစ်နှင့်စတွေ့.သည်
- ပြန်လည်ကာ စိတ်ချင်း နီးစပ်သည်


Copyright @ Mr.Tarot




## Knight of Cups

- စိတ်ကြည်နူးဖွယ်ရာ
- ကဗျာ၊ ရသစာပေ၊ အနုပညာ
- အလှအပခံစားစရာကိစ္စ
- စိတ်ပါဝင်စားတဲ့အတိုင်းလုပ်သူ
- အများ၏အမြင်ကို မျှဝေခံစားနိုင်သူ
- စိတ်အတက်အကျမြန်သူ
- ခုချစ်၊ ခဏနေမုန်းဆိုသလို စိတ်အပြောင်းအလဲမြန်သူ
- ဖြစ်လာနိုင်သည့် ရေရှည်ကိစ္စတို့ကို မတွေးဘဲ စိတ်ရှိသည်ကိုလုပ်သူ
- ညှို့အားရှိသော စကားပြောကောင်းသူ
- ကာမစိတ်တက်ကြွအောင် နှိုးဆွသူ
- အဆန်းအပြားမဖြစ်နိုင်ဆိုသောလမ်းကိုမှ စိတ်ပါဝင်စားမှု နောက်လိုက်ကာ လက်တွေ့မဆန် လုပ်ကိုင်သည်
- စိတ်ခံစားချက်သမား စိတ် အစွန်းရောက်လွယ်သူ
- ရေလမ်းခရီးသွားသည်

Copyright @ Mr.Tarot




Queen of Cups

- ဆတ်ဆတ်ထိမခံနိုင်သူ / ခံစားလွယ်သူ
- တွေးခေါ် ချင့်ချိန် ဉာဏ်ပညာ
- ချစ်မြတ်နိုးသည်
- စိတ်ညို့ဆရာ၊ အိပ်မွေ့ချသူ စသည်
- စိတ်ကူးယဉ်သူ
- စိတ်ခံစားချက်ပြင်းထန်သည်
- လူများကို ကျေနပ်ပျော်ရွှင်စေနိုင်သူ
- အချစ်ထဲ နစ်ဝင်နေသည်
- ခံစားချက်များကို နားထောင်ပေးသူ။ ရင်ဖွင့်ဖော်
- သူတပါးခံစားချက်ကို နစ်သိမ့်ဆွေးနွေးနိုင်သူ
- ခံစားချက်ကို စွဲကိုင်ကာ မိမိယုံကြည်ချက်နှင့်လုပ်သည်
- အနစ်နာခံသော ချစ်မြတ်နိုးတတ်သော အမေ
- ရေနှင့်နီးစပ်သော
- အနပညာရှင်ကြီး
- စိတ်ညစ်သူ စိတ်ကျလွယ်သူ
- သူသဘောသူအတွက် ရှေ့တန်းထားကာ အခြားသူများကို လိမ်လည်လှည့်ဖြားကာ လုပ်ဆောင်စေသည်။




King of Cups

- ခံစားချက်ပြင်းထန်မှု ။ မာန်။ စိတ်ခံစားချက်အား။
- ရှေးရိုးစွဲ၊ စာအုပ်ကြီး။
- မိမိခံစားချက်ကို သိနားလည်သည် ထိန်းနိုင်သည်
- ခံစားချက်နှင့် ပတ်သတ်၍ အကြံပေးကောင်းသူ
- နှစ်သိမ့်ကာ အကြံပေးလမ်းညွှန် တတ်သူ
- ခံစားမှုများကို ရင်ဖွင့်ပါက အကြံကောင်းပေးနှစ်သိမ့်သူ
- နှစ်ဦးနှစ်ဖက် ကြားဝင်စေ့စပ်နိုင်သူ
- နားလည်တတ်သော အဖေ
- စိတ်ကူးစိတ်သန်းကောင်း သလို လက်တွေ့ အကောင်အထည် ဖြစ်အောင်လည်း နည်းရှာတတ်သူ
- အနုပညာနှင့် အလှအပ နှစ်သက်သူ
- ခံစားမှုကို ရှေ့တန်းမတင်ဘဲ တည်ငြိမ်စွာ ထိန်းနိုင်သူ
- ယုံကြည်နိုင်သော သစ္စာရှိသူ
- ရိုက်ခတ်မှု လှိုင်းထန်သော်လည်းခံနိုင်ရည်ရှိသည်
- အတည်ပြု ဆုံးဖြတ်သည်

ight @ Mr. Tarot




Ace of Swords

- အကြံအစဉ်သစ် အစီအစဉ်သစ်
- ဆုံးဖြတ်ချက်ချသည်
- ဉာဏ်ရည်ကောင်း၊ ဉာဏ်ကွန့်မြူးလိုက်သည်
- စိတ်ဓာတ်ခွန်အား
- အမှန်တရားကိုရှာဖွေသည်
- ရှု့ထောင့်တစ်ခုမှ စဉ်းစားတွေးခေါ်ပုံအသစ်
- မိမိကိုယ်ကိုယုံကြည်ချက်ရှိသည်
- သံသယရှင်းရန် ကြံစည်သည်
- အမှားကိုအမှန်ဖြစ်အောင်လုပ်သည်
- ပြသနာတစ်ရပ်ကို ဖြေရှင်းသည်
- စဉ်းစား ပိုင်းခြားကာရင်ဆိုင်သည်


Copyright @ Mr.Tarot




Two of Swords

- ဝေခွဲ ဆုံးဖြတ်ရခက်သည်
- မသေချာမရေရာဖြစ်သည်
- အယူအဆ အတွေးအခေါ်များ ရောထွေးရှုပ်ပွသည်
- တစ်ယောက်ယောက်ကို ထိခိုက်နစ်နာမည်စိုး၍ လုပ်ရခက်နေသည်
- သမာသမတ် ဘက်မလိုက်၍ တစ်ယောက်ယောက် ထိခိုက်နစ်နာသည်
- ခံစားချက်ကို မျိုသိပ် မျက်စိမှိတ်ကာ လုပ်နေရသည်
- ဖြစ်ချင်သည်ထက် ခေါင်းသုံးကာ လုပ်နေရသည်။
- ဖြစ်ချင်သည်ထက် လက်တွေ့ဆန်စွာ ခေါင်းသုံးလုပ်ပါ
- ခံစားချက်ထဲပိတ်လှောင်နေရအောင် လှစ်လျူရှု ခံရသည်
- ရပ်ဆိုင်းရှုံးပေးရသည်
- အပယ်ခံ ကျဉ်ခံရ၍ တစ်ယောက်ထဲဖြစ်သည်။
- ဘာလုပ်သင့်သလဲဆိုတာ စဉ်းစားရန် ခဏနောက်ဆုတ်သင့်သည်

Copyright @ Mr. Tarot




Three of Swords

- အစားထိုးခက်သော ခက်ခဲသော ဆုံးရှုံးမှု
- အလုပ်ထုတ်ခံရသည်
- ထင်ထားသည်များဖြစ်မလာ၍ ရှုံးသည်
- နလုံးနာသည်၊ နလုံးရောဂါ
- ဝမ်းနည်းမှု
- သစ္စာဖောက်ခံရသည်၊ သစ္စာဖောက်သည်
- ခွဲခွာခြင်း၊ ကွဲခြင်း
- တစ်ခုလိုအပ်၍ တစ်ခု စတေးလိုက်ရသည်
- ဆုံးရှုံးမှုသည် ရင်ကျက်ရန် ဟုသာမှတ်ယူပါတော့
- ကြေကွဲဝမ်းနည်းမှု
- အထီးကျန်ဆန်သော ကြေကွဲခြင်း

Copyright @ Mr.Tarot




Four of Swords

- အိပ်စက်နားယူသည်။
- အကြံသစ်များဖြစ်ပေါ်ရန် နွမ်းနယ်နေသည်ကို ခဏနားခြင်း
- အေးချမ်းသောနေရာသို့ ခဏ ဆုတ်ခွာနားသည်
- စိတ်ဖိစီးခံနေသည်ကို ပြန်အားတက်ရန် နား သည်
- အကြံကောင်းတစ်ခု ကိုမွေးမြူပျိုးထောင်သည်
- ငြိမ်ငြိမ်ပြီးနားနေသည်မဟုတ် အကြံထုတ်နေသည်
- အနာဂတ်အရေး တိတ်တဆိတ်နားကာ အကြံထုတ်သည်
- အကြံကောင်းမရခင် မျှောထားသည်
- မိမိကိုယ်ကို ရှုထောင့်မျိုးစုံမှ  ဝေဖန်ဆန်းစစ်ကာ
  ပိုကောင်းသော အမြင်ရအောင်လုပ်သည်


Copyright @ Mr.Tarot




Five of Swords

- တစ်ကိုယ်ကောင်းဆန်၊ မိမိအတွက်သာကြည့်လုပ်သည်
- သဘောမတူ
- ဆက်ဆံရေးပျက်
- သူများအပေါ် လှည့်ပတ်အကြံများသည်
- နိုင်လိုက်သည် သို့သော် ဘာတွေများပေးလိုက်ရပြီလဲ
- မိမိပုံရိပ်ထိခိုက်ခံ / ဂုဏ်သိက္ခာကိုရင်းကာ / သူတပါးကို ထိခိုက်ကာ အကြံထုတ်အနိုင်ယူလိုက်သည်
- အသေးအဖွဲကိစ္စအတွက် နာမည်ကိုရင်းသည်
- သူတပါးကဲ့ရဲ့မည်ဆိုး၍ ဉာဏ်များကာ မိမိ စိတ်ထိခိုက်ခံပြီး မိမိကိုယ်ကိုဂုဏ်တက်အောင်လုပ်သည်
- အကြံများသည်
- သူတပါးဆန္ဒကို ဂရုမစိုက်ဘဲ မိမိလုပ်ချင်ရာကိုလုပ်
- ပရိပက္ခဖြစ်ပွားသည်
- ရိုးသားမှုကို အလွဲသုံးစားလုပ်ကာ နာမည်ပျက် ဘက်ရောက်သွားသည်


Copyright @ Mr. Tarot




Six of Swords

- ဆုတ်ခွာသည်
- ခက်ခဲသော အပြောင်းအလဲကာလ
- ရေလမ်းခရီးသွားသည်
- အကြံတစ်မျိုးပြောင်း ပုံစံတစ်မျိုးပြောင်းသည်
- အကြံဖြင့် ဝေးရာသွားသည်၊
- စိတ်ထိခိုက်မှုကြောင့် ထွက်ခွာသည်
- နာမည်ပျက်ကြောင့် အဝေးသွားသည်
- တစ်ဖက်သို့ ကူးလိုက်သည့်အတွက် ပုံစံပြောင်းလိုက်သည့် အတွက် ဒဏ်ရာများကိုချန်ခဲ့ကာ စိတ်သက်သာရရသည်
- ဒဏ်ရာသက်သာအောင်လုပ်သည်
- လုံးဝအသစ်တစ်ခုပြောင်းသည်

ight @ Mr.Tarot




## Seven of Swords

- ထွက်ပြေးသည်
- ပွဲလမ်း ဂီတသဘင် မသွားချင်
- အလွယ်လမ်းလိုက်သွားသည်
- တိတ်တဆိတ် ထွက်သွားသည်
- အခြားသူများမသိအောင် သို့မဟုတ် ဆန့်ကျင်ကာ တစ်ကိုယ်တည်းလှုပ်ရှားသည်
- လေနံနှစ်ဖက်နင်းသည်
- အကြံကြီး/ အကြံများသည်
- ကတိကဝတ်ဖျက်ပြီး ရှက်စရာကိစ္စကို၊ မိသွားလျှင် ဂုဏ်သတင်းပျက်မည့်ကိစ္စကို ခိုးလုပ်သည်။
- ခြေရာလက်ရာ ဖုံးဖိသည်
- နည်းပရိယာယ်
- စိတ်ဓာတ်စစ်စင်ရေး (သို့) စိတ်ရောဂါစစ်စာမေးပွဲ
- သတင်းအချက်အလက်/လေ့လာချက်ကို စုဆောင်းသည် ခိုးသည်
- အချိန်ခိုးသည်၊ ရင်မဆိုင်သေးဘဲ အကြံများနေသည်
- လှည့်စားခဲ့မိသည်ကို အပြစ်ဟုထင်လာသည်

Copyright @ Mr.Tarot




Eight of Swords

- အကြောင်းတစ်ခုခုကြောင့် မိမိကိုယ်ကို အားနည်းသွားသည်ဟု ထင်မိသည်
- မိမိဘာသာလုပ်ယူမိသည့် အထင်များထဲပိတ်မိသည်
- သင့်အတွေးသည် သင်ကိုယ်တိုင်ရွေးလိုက်ခြင်းဖြစ်သည် လွတ်မြောက်ပါစေ အားအင်ရှိစမ်းပါ
- ဖျောက်မရ ပေါ်ပေါ်လာသော မိမိအတွေးများ
- ရွေးစရာလမ်းမရှိဟု မိမိဘာသာထင်သည်
- အစွန်းရောက် ယုံကြည်မှုများက ကိုယ့ကိုယ့်ကိုပြန် ကန့်သတ်နေမိသည်
- ဆင်ခြေများ
- စိတ်အားလျော့စရာ (သို့) ပိတ်မိနေသလို (သို့) ဘာလုပ်ရကောင်းမှန်းမသိ (သို့) အားငယ်လာသလို စိတ်ခံစားစရာတစ်ခု မိမိဖာသာ ဖြစ်နေသည်




Nine of Swords

- ညအိပ်မရဖြစ်၊ အိပ်မရသောရောဂါ
- ဖျားနာခြင်း
- မျှော်လင့်ချက်မဲ့သွားမှု
- စိတ်ကျရောဂါ
- သန်းခေါင်ထက် ညဥ့်မနက်နိုင်
- ကြောက်ရွံ့ခြင်း၊ ပူပန်ခြင်းများဖြင့် နှိပ်စက်ခံနေရ
- အိပ်မက်ဆိုးများ
- အတွေးများကြောင့်အိပ်မရ ၊ ညဘက်တွင်ပူပန်သည်
- ရောဂါအခြေအနေကိုပူပန်နေ
- တစ်ယောက်ယောက်ကို ဖွင့်ပြောကာစိတ်သက်သာပါစေ (သို့) စာအုပ်တွင်ရေးလိုက်ပါ။ သက်သာရန်လိုနေပြီ။
- ပြသနာကိုဖြေရှင်းပါ မဟုတ်လျှင်ပူလို့မဆုံးဖြစ်မည်
- အဆင်ပြေပါ့မလားတွေးပူသည်
- အပြစ်များအတွက်ပူလောင်သည်
- ငိုချင်လာသည် ခံနိုင်သောအတိုင်းအတာထက်လွန်လာပြီ ဟုခံစားလာရသည်။

Copyright @ Mr.Tarot




Ten of Swords

- အဆိုးနိုင်ဆုံးသော အခြေအနေရောက်သည်
- သန်းခေါ်ထက်တော့ ညဥ့်မနက်တော့ပါ
  အောက်ဆုံးရောက်မှတော့ ဘာဖြစ်ဖြစ်ပိုကောင်းတာသာ
  လာတော့မှာသေချာနေသည်ဟု သာမှတ်လိုက်တော့
- ဘာကြောင့်များငါဖြစ်ရတာလဲ ? တရားခံဖြစ်သည်။
- ငါမှ ရွေးပြီး ခံရသည်
- အနစ်နာခံရသည် အခြားသူများကောင်းသွားသည်
- အဖြည့်ခံ ဓားစာခံ မြေစာပင်
- ကိုယ့်ကိုယ်ကိုတောင် သနားမိသည်
- အရှုံးပေးလိုက်သည်
- အလုပ်စသည် မှထွက်သည်
- ကိုယ်ကသာ အနစ်နာခံသည် ဘယ်သူမှ ပြန်ပင်မကြည့်ပါ

Copyright @ Mr. Tarot




## Page of Swords

- အတတ်ပညာ ကျွမ်းကျင်မှုသစ်တစ်ခု သင်ကြားသည်
- အသင့် သတိထားသည်
- နိုးကြွသည်
- စပ်စုသည် စူးစမ်း စမ်းသပ် ဆန်းစစ်သည်
- အမှန်တရားနှင့် တရားမျှတမှုကို ရှာဖွေသူ
- အမှန်ကိုသိရရန် စွန့်စားပြီး အခြားသူများနှင့်ဆက်သွယ်သူ
- အာရုံ ကိုတစ်ခုခု အပေါ် စူးစိုက်သည်
- သတိဖြင့် ဉာဏ်ဖြင့်လုပ်ကိုင်သည်
- ဉာဏ်ဖြင့် သေချာလုပ်မှ အောင်မြင်မည်ဟု ယူဆယူ
- ဒဲ့ဒိုးပြောသည် ရိုးသာစွာလုပ်သည် စသည်
- အမှန်တရားမြတ်နိုးသည်၊ မျှတမှုရှိစေချင်သည်
- အရှုံးမပေး အားအင်သစ်မွေးကာ ထပ်လုပ်သည်


Copyright @ Mr.Tarot




Knight of Swords

- ပုန်ကန်ထကြွ
- အသေအလဲ စဉ်းစား
- စိတ်မရှည်တတ်
- အမှန်တရားရှာဖွေသူ
- အကုန်သိအကုန်တတ်
- ငါမှန်ရင်အကုန်လုပ်တယ်
- အားပါပါနှင့် အကျိုး တကယ်ရအောင်လုပ်သူ
- မှန်တိုင်းထန်သည်
- အမြန်ခရီးနှင်သည်
- ဉာဏ်ကောင်းကောင်းနှင့် လက်တွေ့ဆန်ဆန် စိတ်ကို နှစ်ကာ စဉ်းစား
- ပဟေဠိကို အဖြေထုတ် ဖြေရှင်းနိုင်သည်
- ခံစားမှုထက် ဉာဏ်ကိုအားကိုး
- ချက်ကျလက်ကျ ဒဲ့တိုးလုပ်သည်
- ကိုယ့်တွေးခေါ်ယူဆကိုသာ ရှေ့တန်းတင်သူ လာမရှုပ်နဲ့မကြိုက်ပါ
- ဉာဏ်ကောင်းသော်လည်း ဒုက္ခတွေ့တတ်သည်

Copyright @ Mr. Tarot




Queen of Swords

- ဉာဏ်ကောင်း
- မိမိကိုယ်ကို ဂရုပြုပြီး ကိုယ့်ကိုယ်ကို နားလည်သူ
- ရိုးသားသူ
- မျှတသူ
- ကိုယ့်ကိုယ်ကို အားကိုးသူ
- တခုလပ်၊ ကွာရှင်းထားသူ။ မုဆိုးမ
- ဆုံးဖြတ်သူ
- စနစ်တကျ လေ့လာဆန်းစစ် စစ်ဆေးသူ
- အမှန်တရားကိုကာကွယ်သူ
- အရေးပေါ်အတွက် ငွေအရန်ချန်ထားသူ
- မျှော်မြင်ကြီးသူ
- ကိုယ့်ကိုယ်ကို ဝေဖန် အပြစ်ရှာ လေ့လာဆန်းစစ်ကာ ခြောက်ပစ်ကင်းသဲလဲစင် ဆရာကြီးဖြစ်ချင်သူ
- သူတပါးကိုမမှီခိုရသောအလုပ်လုပ်သူ
- ကြီးမားသောဆုံးရှုံးမှုဒဏ် ကိုခံဖူးသူ
- အကြံကောင်းကို ပရောဖက်ရှင်နယ်ပီသစွာပေးတတ်သည်

Copyright @ Mr.Tarot




## King of Swords

- ဉာဏ်ကြီးရှင်
- မျှတသောလူမှန်ဖြစ်ပြီးလူကြီးဆန် ရင့်ကျက်တည်ငြိမ်သူ
- ကိုယ့်ဖာသာပင် ဖိအားမပါဘဲ ဝန်ခံရဲသူ
- မျှတဖို့အတွက်ဆို အင်အားအလွန်သုံးပြီး မြန်ဆန်သူ
- ဖြစ်နိုင်မဖြစ်နိုင်ကို ဝေခွဲရာတွင် သူတပါးခံစားချက်သာမက ကိုယ့်စိတ်ခံစားမှုပါ မတွေးဘဲ အမှန်အတိုင်းလုပ်သူ
- အလွန်တော်သော ရှေ့နေ၊ တရားသူကြီး
- နားလည်ရခက်သော အခြေအနေတွင် ကိုင်တွယ်နိုင်သူ
- ရင်းနှီးမှုထက် အယူအဆကောင်းကိုသာ ရှေ့တန်းတင်သူ
- အမှုအခင်းကိစ္စ
- ဥပဒေကြောင်းကိစ္စ
- စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များ
- သူများနားလည်အောင် ထိထိမိမိရှင်းပြတတ်သူ
- ဘာသာစကားများစွာ တတ်မြောက်လွယ်သူ
- မျှတသူ

Copyright @ Mr.Tarot




Ace of Pentacles

- လက်ဆောင်
- အခွင့်အရေး
- ပိုက်ဆံ ငွေကြေး
- တာဝန်ဝတ္တရားသစ်
- ကျန်းမာရေးကောင်းမွန်ခြင်း
- မျိုးစေ့
- ကိစ္စတစ်ခုအတွက် ငွေကြေး၊ အခွင့်အလမ်းနှင့် အခြေအနေကောင်းများရှိခြင်း
- ပေါကြွယ်ဝခြင်း
- လုပ်ငန်းသစ်
- ရာထူးတိုးတက်ရန် အခွင့်အရေး
- တစ်ခုခုကို စတင်ရန် အချိန်ကောင်း
- စတင်ပြင်ဆင်ရမည့်အချိန်
- ရေမြေတောတောင် သဘာဝတရား ကိုခံစားခြင်း
- လက်ဝယ်ရှိသောအစေ့ကို အသီးဖြစ်ရန်ပြုစုရမည့် အချိန်ကာလ
- ကြိုးစားခြင်း၏ ရလာဒ်

ght @ Mr. Tarot




Two of pentacles

- အသာအယာပင် လျှင်မြန်သွက်လက်စွာ ပြိုင်တူလုပ်ခြင်း
- တစ်ချိန်တည်းတွင် အလုပ်များ ပြိုင်တူလုပ်သည်
- အလုပ်ရှုပ် အလုပ်များ နေခြင်း
- ကုန်သွယ်ခြင်း
- အလုပ်နှင့် ခရီးထွက်ခြင်း
- လျှင်မြန်စွာ လိုက်လျောညီထွေဖြစ်သွားသည်
- အခက်အခဲများကို ကိုင်တွယ်နိုင်နေသည်
- ဘဝ၏ အတက်အကျများကို လိုက်လျောညီထွေနေရန်လို
- ပတ်ဝန်းကျင်မှ တစ်ယေက်ယောက် အလုပ်အလွန်များနေ
- အလုပ်အတွက် အိမ်ပြောင်းရခြင်း၊ ခရီးထွက်ရခြင်း
- တစ်ရွာမပြောင်းသူကောင်းမဖြစ်
- ငွေကြေး၊ အခွင့်အရေးကို ခရီးပဲထွက်ရထွက်ရ၊ အိမ်ယာပဲပြောင်းရပြောင်းရ၊ ရအောင်ယူပါ။
- လိုအပ်ချက်နှင့် ကာမိနေသည်




Three of Pentacles

- အကူအညီ အထောက်အပံ့
- စုပေါင်းညီညွတ်ခြင်း အင်အား
- အလုပ်ခန့်ခံရခြင်း
- ကိစ္စတစ်ခု အောင်မြင်မှု (သို့) အကျိုးစီးပွားဖြစ်ထွန်းရန် အကျိုးပြုကူညီသည့် လုပ်ဆောင်ချက်
- အလုပ်သင်ကာလ
- အဖွဲ့.အစည်း
- လုပ်ငန်းတစ်ခုပေါင်းစည်းစတင်ချိန်
- သင်ယူထားသောအတတ်အား လက်တွေ့.လုပ်ချိန်
- သူများတွေဘယ်လိုလုပ်လဲ ကြည့်ပါ
- သူများဝေဖန်တာကို အကောင်းမြင်သင်ယူပါ
- သင့်ပန်းတိုင်ကိုဦးတည်နေပါကဆက်လျှောက်ပါ၊ သို့မဟုတ်ပါက လမ်းမှန်ကိုရောက်ရန် အလုပ်နေရာရွေးပါ။
- ခြေလှမ်းတော့စတင်လိုက်ပါပြီ၊ သင်ယူစရာများကြုံဦးမည်။
- စနစ်တကျ အစီအစဉ်ဆွဲသည်၊ ကြိုတင်စီမံသည်




Four of Pentacles

- လောဘ
- ပိုင်ဆိုင်မှု
- စိုးရိမ်မှု
- ပစ္စည်းဥစ္စာကို ထပ်မရင်းနှီးဘဲ ကိုင်ထားခြင်း
- အကုန်အကျမခံလိုခြင်း
- အဆုံးရှုံးရအောင် ကာကွယ်ခြင်း
- ကံကိုမယုံဘဲ တိုးတက်အောင်ဆက်မလုပ်ဘဲရပ်ထားခြင်း
- ဆိုင်းငံ့ခြင်း
- လုံခြုံမှု နှင့် လက်ဝယ်ရှိခြင်းသည် အရေးကြီးဆုံးဖြစ်သည်
- အတိုင်းအတာတစ်ခု ပိုင်ဆိုင်နေပြီ ဆက်လုပ်မလုပ်မှာ သင့်သဘောသာဖြစ်သည်။
- လမ်းသစ်ရှောင်ပြီး ယခင်နည်းဟောင်းလိုက်ခြင်း
- ရည်ရွယ်ချက်ပါပါ စည်းကမ်းသစ်များတင်းကျပ်သည်
- ထိုင်ခုံနေရာ ရာထူးမြဲလိုသည် မဖယ်ချင်ပါ။
- အပြောင်းအလဲမလိုလားခြင်း

ght @ Mr. Tarot



Five of Pentacles

- ဆင်းရဲခြင်း မွဲခြင်း
- ဖျားနာရောဂါ ခံစားရခြင်း
- ဆုံးရှုံးခြင်း
- စိတ်ဆင်းရဲရခြင်း
- ဒုက္ခတွေ့ခြင်း
- အပယ်ခံဘဝ၊ အကျဉ်ခံရ
- သူများကို အားကိုးမိတာ ရက်စရာကောင်းခြင်း
- တမင်တကာ ချိုးခြံစွာ ကျင့်ကြံခြင်း
- ခက်ခဲသောအချိန်
- ငွေကြေးကို သတိပြုပါ
- မှီခိုရာမဲ့သည်

ight @ Mr.Tarot




Six of Pentacles

- အလှူ
- ရက်ရောခြင်း
- ပြန်လည်ပေးကမ်းခြင်း
- အပေးအယူ
- အလဲအလှယ်
- အလဲအထပ်
- ချေးငွေ
- လက်ဆောင်များ
- အပေးအယူသဘော
- ကိစ္စများတွင် အပေးအယူသဘောရှိသည်
- ကျေးဇူးတင်
- မျှတမှုကို နားလည်အောင်ကြိုးစားပါ။ အပေးအယူရှိပါစေ။

ght @ Mr Tarot




Seven of Pentacles

- စိတ်ရှည်
- ဖြည်းဖြည်းချင်း တိုးတက်
- အတွေ့အကြုံမှ သင်ခန်းစာယူ
- ခဏရပ်ပြီး ချင့်ချိန် ကဲဖြတ်သင့်သည်
- ချင့်ချိန်ခြင်း
- လုပ်နိုင်သောအရည်အချင်း+လုပ်ရည် ရှိခြင်း
- အခုအတိုင်းသွားလျှင် လိုချင်သောပန်းတိုက်ဆီ ဦးတည်နေလား စဉ်းစားပါ။
- လမ်းတဝက်အောင်မြင်ခဲ့ပြီ လိုရာရောက်အောင် ပဲ့ကိုင်ရမည့် အချိန်ဖြစ်သည်
- တစ်ယောက်ယောက်က သင့်ကို အကဲဖြတ်ဝေဖန်ရင် စဉ်းစားပါ သင်ယူပါ။ အပြစ်တင်တယ်မထင်ပါနဲ့။
- ကြိုးစားခဲ့ခြင်းရဲ့ ဆုလာဒ်များ ရိတ်သိမ်းသည်။

ight @ Mr. Tarot




ght @ Mr. Tarot

Eight of Pentacles

- ကောင်းသည့်မှ အကောင်းဆုံးဖြစ်အောင် ကြိုးစားခြင်း
- လျော့ကျမသွားအောင် ထိန်းသိမ်းထားခြင်း
- အလုပ်ကြိုးစားခြင်း
- ကောင်းအောင် ပြင်ဆင်ခြင်း
- ထပ်တလဲလဲ လုပ်ခြင်း
- ကောင်းအောင် ချိန်ညှိခြင်း
- စိတ်ဝင်စားသောအလုပ်
- စိတ်ကိုနှစ်လုပ်သည်
- အသေးစိတ် အနုစိတ်လုပ်သည်
- ကျေနပ်သောအလုပ်
- ပန်းတိုင်နားကပ်နေပါပြီ ဒီတိုင်းဆက်သွားပါ




Nine of Pentacles

- ကြိုးစားမှု ရဲ့ ရလဒ်ကောင်း
- ဆုလာဘ် ရခြင်း
- လွတ်လပ်မှု
- ပျော်ရွှင်ကျေနပ်မှု
- ဇိမ်ခံပစ္စည်းကောင်းများ
- မိမိဆန္ဒပြည့်ဝခြင်း
- စိတ်ကိုအလွန်ထိန်းသိမ်းကာကြိုးစားခဲ့သည်
- ပြည့်စုံနေပြီ ခံစားဖို့ အချိန်တန်ပါပြီ
- အခြားသူများ၊ အလုပ်များကို လိုအပ်သလို ခိုင်းထား စီမံထားခြင်း၊
- တစ်ခါတစ်လေတော့ စိတ်ကိုမထိန်းဘဲ နေသင့်တဲ့အချိန်ရောက်နေပါပြီ ထိန်းသိမ်းခဲ့လို့ ပြည့်စုံနေပြီပဲ။
- ဘာမှမလို ဘယ်သူမှမလိုဘဲ ပြည့်စုံမှု
- ကိုယ်စွမ်းကိုယ်စဖြင့် တစ်ကိုယ်တည်းကြိုးစားသည်
- တစ်ဆင့်ခြင်းကြိုးစား အောင်မြင်ခဲ့သည်

Copyright @ Mr Tarot




Ten of Pentacles

- ငွေကြေးချမ်းသာပြည့်စုံမှု
- မိသားစုတာဝန်ကြေခြင်း
- လုံခြုံမှု ရှိခြင်း
- အောင်မြင်သောပေါင်းစည်းမှု
- အစဉ်အလာရိုးရာ
- ရိုးရာပွဲလမ်းကျင်းပခြင်း
- ရှေးအစဉ်အလာအတိုင်းလုပ်ပါက အဆင်ပြေသွားမည်
- ဥစ္စာဓနပိုင်း ပြည့်စုံမှု
- ခိုင်မြဲခြင်း
- အမွေရခြင်း
- ရှေးယခင်က လုပ်ခဲ့သောအကြောင်းကြောင့် ယခုကာလတွင် အကျိုးတစ်ခုဖြစ်ထွန်းလာသည်
- ဘိုးဘေးဘီဘင်များ
- အကြံအစည်ကို အခိုင်အမာဆုံးဖြတ်ကာ ချသည်




Page of Pentacles

- နုပျိုတက်ကြွသော
- စာသင်သား၊ ကျောင်းသား
- အလုပ်သင်
- သတိရှိသူ
- စုဆောင်းခြင်း
- တိုးတက်ရန်ကိစ္စများ ထပ်လောင်းဖြစ်လာခြင်း
- ဖြစ်ချင်သည်များ ထပ်လောင်းဖြစ်လာခြင်း
- အကြံကောင်းပေးသူ
- ကိုယ်တွင်းခံစားချက်၊ သဘာဝအတိုင်းဖြစ်သော ခံစားမှုများကို ဂရုစိုက်သင့်
- လက်တွေ့.သမား
- အတွေ့.အကြုံနှင့် ပညာရပ်အသစ် အတွက် ကြိုးစားသည်
- လက်ဝယ်ငွေအတန်အသင့်ရှိသည်

ght @ Mr.Tarot




Knight of Pentacles

- ဆောင်ရွက်နိုင်သူ
- တစ်ခါတစ်ခါ ခေါင်းမာသူ
- အလွန်သတိကြီးသူ
- မစွန့်စားဘဲ သတိနှင့် ဖြည်းဖြည်းလုပ်နေသူ
- မစွန့်စားဘဲ၊ ထိန်းချုပ်လွန်း အသေးစိတ်လွန်းလို့ နှောင့်နှေးခြင်းရှိ၊ ပျင်းစရာကောင်းလာ
- မျှော်လင့်သလိုဖြစ်ရန် ယုံကြည်ရသူ
- ဖြည်းဖြည်းမှန်မှန်
- အသုံးဝင်ခြင်း
- ကုန်းလမ်းခရီး ဖြည်းဖြည်းသွား
- ပစ္စည်းကောင်းကြိုက်
- လုံခြုံမှု ဦးစားပေးလွန်းသူ
- သက်တောင့်သက်သာဖြစ်ချင်သူ (ပျင်းတဲ့သဘောမပါ)
- ဥပဒေဘောင်တွင်းနေသူ
- အချိန်ယူသတိထား သည့်အလျောက် ရေရှည်အကျိုးလည်း ရှိတတ်သည်။




Queen of Pentacles

- ကူညီစောင့်ရှောက်သူ
- အကြံပေးသူ
- နည်းလမ်းပြသူ
- နေကောင်းအောင် ကုသပေးသူ
- ကုစားပေးသူ
- ကာကွယ်စောင့်ရှောက်သူ
- ကျန်းမာခြင်း
- အပြောမဟုတ် လက်တွေ့စနစ်တကျလုပ်
- အဖော်မွန်ကောင်း
- အေးဆေးတည်ငြိမ်ခြင်း
- ဧည့်ခံကျွေးမွေးသူ
- ပါတီပေးကျွေးမွေးသူ
- စီးပွားအောင်မြင်
- မပူပင်စိတ်ချမ်းသာစေသူ
- ပတ်ဝန်းကျင်မထိခိုက်စေဘဲရေရှည်ကို တွေးသူ
- သဘာဝပတ်ဝန်းကျင်အလေးထားသူ အကျိုးပြုသူ
- မိခင်၊ ကလေးရရှိခြင်း

Copyright @ Mr. Tarot




King of Pentacles

- သူဌေး
- မြေပိုင်ရှင်
- စီးပွားရေးသမား
- ပိုက်ဆံထောက်ပံ့သူ
- သစ္စာရှိသောသူ
- ငွေရှင်သူ
- အောင်မြင်သူ
- ရည်မှန်းချက်မြင့်သူ
- ပစ္စည်းရှင်
- ငွေနှင့် ဖိမ်ခံသူ
- ပိုက်ဆံကို သတိနှင့်သုံးသော်လည်း ပစ္စည်းကောင်းဝယ်သူ
- ကိုယ်ကျိုးရှိမှသာ ရက်ရောသူ
- မိသားစုကို စဉ်းစားပေးသူ
- မိသားစုကိုချစ်သူ
- သူ့ပုံစံအတိုင်းမနေရင် စိတ်ပျက်သည်

Copyright @ Mr. Tarot

နောက်ဆက်တွဲ..

- ကဒ်အချို့မှာ အဖြစ်အပျက်တစ်ခု/ အခြေအနေတစ်ခုကို ရည်ညွှန်းပြီး လူပုံပါသော အချို့သည် သင်/ အခြားသူတစ်ယောက်သို့ သင်/အခြားသူ၏ ပါဝင်မှု ကိုရည်ညွှန်းပါသည်။

- မေဂျာကဒ်များသည် မိုင်နာကဒ်များထက် ပိုမိုအားကြီးမားသည်။ ဥပမာ LOVERS နှင့် Two of Cups တို့သည်အတော်အဓိပ္ပါယ် အချို့တူသော်လည်း အင်အားမှာ အဆမတန်ကွာသည်။

- မိုင်နာကဒ်များသည် အုပ်စုအလိုက် အဓိပ္ပါယ်ရှိသည်။ ထိုအချက်ကို သိထားပါက အဓိပ္ပါယ်ဖတ်ရလွယ်ကူသည်။

- ဤစာအုပ်ပါ အဓိပ္ပါယ်တစ်ခုစီသည် စိတ်ကူးစိတ်သန်းနှင့် အထက်ပါ သဘောတရားတို့ကို ဆက်စပ်လိုက်ပါက အဓိပ္ပါယ်ပေါင်း များစွာ ပွားများသွားလိမ့်မည်။

ဝသုန်ဦး (ခ) Mr. Tarot

Wand ကဒ်များသည်

- ဖန်တီးခြင်း creation
- ပြုလုပ်ခြင်း action
- ရွေ့လျားဖြစ်ပေါ်ခြင်း movement သဘောရှိကြသည်။

Cup ကဒ်များသည်

- စိတ်ဓာတ်ရေးရာ spirit နှင့်
- စိတ်ခံစားမှု emotion
- စိတ်အတွင်းသဘော ကိုပြသည်။

Sword ကဒ်များမှာ

- တွေးခေါ်ခြင်း thought
- နှိုင်းချိန်ခြင်း reason
- ဉာဏ်ရည် intellectual များနှင့်သက်ဆိုင်သည်။

Pentacle ကဒ်များသည်

- ဥစ္စာပစ္စည်းငွေကြေး material
- လုံခြုံပြည့်ဝခြင်း security
- လက်တွေ့ကောင်ထည်ဖော်ခြင်း သဘောဆောင်ပါသည်။

Page သည် အားအင်ပြည့်ဝ ရိုးသားသောကဒ်ဖြစ်သည်။
Knight သည် အစွန်းရောက်သောကဒ်ဖြစ်သည်။

Copyright @ Mr. Tarot